

စိတ်ကူးချိုချိုအနုပညာ



# ဆော်တာစွေ

## လောကလူပြည်


ဝတ္ထုတိုများ



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



စွယ်စုံရစာရေးဆရာကြီး သော်တာဆွေ၏
လောကလှုပြည် အမည်ဖြင့်
စုစည်းထုတ်ဝေခဲ့သော
ဘဝသရုပ်ဖော်ဝတ္ထု ၁၂ ပုဒ်

mgyoe.com

TTS0020
3,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ပေစိုးအောင်
၂၀၁၅ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၂ စံပယ်ဦးစာပေ၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

လောကလှူပြည်ဝတ္ထုတိုများ
သော်တာဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) လောကလှူပြည်ဝတ္ထုတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လောကလှူပြည်
# ဝတ္ထုတိုများ
# သော်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကြောက်လက်သီး | ၁ |
| ၂။ | တွေးလေဆွေးမပြေ | ၁၂ |
| ၃။ | ကျေးဇူးဟူသည် | ၄၄ |
| ၄။ | အလျှော့ပေး၍ အောင်နိုင်ခြင်း | ၅၈ |
| ၅။ | စိတ္တံရှင်စော ဘုရားဟော၏ | ၇၅ |
| ၆။ | ဤလောကတွင် | ၈၇ |
| ၇။ | ဆွေကြီး မျိုးကြီးများ | ၁၀၅ |
| ၈။ | အချစ်ရူး | ၁၂၂ |
| ၉။ | အိုဘယ့် မေတ္တာတံခါးရှင် | ၁၃၅ |
| ၁၀။ | လောကလူ့ပြည် | ၁၄၉ |
| ၁၁။ | ချစ်စိတ်မာန် | ၁၈၈ |
| ၁၂။ | အမေအောင်၏ ခရီးတစ်ခေါက် | ၂၀၄ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကြောက်လက်သီး

အသောက်လောကတွင် ကျွန်တော်သည် မူးလျှင် ရန်ဖြစ်တတ်သူဟု ကျွန်တော့်အပေါင်းအသင်းများက အသိအမှတ်ပြုကြသည်။

အချို့သည် ဝမ်းနည်းပက်လက် ငိုကြွေးတတ်၏။ အချို့မူ သီချင်းဆို၍ ကခုန်လေ၏။ သူတို့သဘာဝသည် အန္တရာယ်ကင်း၏။ ကျွန်တော်ကဲ့သို့ ရန်ဖြစ်တတ်သောသူမှာ နောက်ဆက်တွဲတွေ များလှဘိတောင်း။

ကျွန်တော့်ဘဝတွင် အရက်သောက်၍ သောင်းကျန်မိခြင်းများကြောင့် ဆေးရုံလည်း တက်ခဲ့ဖူး၏။ ရုံးပြင်ကနားလည်း ရောက်ခဲ့ဖူး၏။ ကိုယ်ခန္ဓာမှာ တစ်သက်တာတွင် မပျောက်နိုင်သောဒဏ်ရာ အမာရွတ်များလည်း ရှိခဲ့ပြီဖြစ်၏။

ကျွန်တော်သည် မူးလျှင် ရန်ဖြစ်ချင်သောစိတ်က ဘယ်လိုကဘယ်လို ရောက်လာသည် မသိတော့ချေ။ အံတကြိတ်ကြိတ် လက်သီးတပြင်ပြင် ဖြစ်လာ၏။ ရန်ဖြစ်ဖို့လူရှာရ၏။

ထိုရန်ဖြစ်ချင်စိတ်မှာ ကျွန်တော့်အဖို့ ငါနိုင်သက်သက်ချည်း မတွက်ပေ။ ဟာ–ဒီကောင်တော့ ငါဆော်လိုက်ရင် လိမ့်ခံရတော့မှာပဲဟု သဘော

mgyoe.com

mgyoe.com


မထား၊ ဒီလိုလူမျိုးကိုလည်း ကျွန်တော်မလုပ်ချင်ပေ။ သူတပြန်ငါတပြန် အကြိတ်အနယ်ချလိုခြင်းသာ ဖြစ်၏။ ကျွန်တော့်ရန်ဖြစ်ချင်စိတ်မှာ ရှုံးတာနိုင်တာသည် ပဓာနမဟုတ်၊ တစ်ခါတစ်ရံ၌ သူများက ဆော်သွား၍ ရန်ပွဲအပြီးတွင် ကိုယ့်မျက်နှာမှ တစိမ့်စိမ့်ထွက်နေသော သွေးစက်များကို လျှာနှင့်လျက်နေရသည်မှာ ပူနွေးနွေး ငန်ပျပျနှင့် အရသာရှိလှသည်ဟု အောက်မေ့မိသည်။ ထိုအချိန်အခါ၌ ကျွန်တော်တို့သည် ပြုံးရွှင်ကျေနပ်လျက်ရှိတတ်၏ ။

သို့သော် နောက်တစ်နေ့နံနက်ရောက်၍ အမူးပြေသောအခါ၌ ကျွန်တော့်မှာ ငါ့အမှားပဲဟု လွန်စွာဝမ်းနည်းတတ်၏။ ကိုယ်က သာလိုက်ပြန်လျှင်လည်း ထိုလူက လက်စားချေမှာကို တစိမ့်စိမ့်တွေး၍ ကြောက်ပြန်၏။ ကျွန်တော်က ခံရ၍ကား ဘယ်တော့မှ လက်စားချေရန် စိတ်မကူးချေ။ ပြီးပြီးသားဟာကို ပြီးလိုက်သည်သာ ဖြစ်၏။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ၁၁ နာရီခန့် ညမှောင်မှောင်တွင် သိန်းမောင် အမူးပြုသော လူလေးငါးခြောက်ယောက်နှင့် ကျွန်တော်တစ်ယောက်တည်းချရ၍ ညတွင်းချင်း ကျွန်တော် ဆေးရုံရောက်သွားသည်။ ဒဏ်ရာများက မနည်းလှပေ၊ ဦးခေါင်း၊ နှုတ်ခမ်း၊ ခြေမတို့မှာ သေရွာပါအမာရွတ်များရ၏ ။

ဆေးရုံသို့ သိန်းမောင်၏ဆွေမျိုးများလိုက်လာကာ မူး၍ဖြစ်ကြတာ သက်သက်ညှာညှာပြုရန် ပြော၏။ သိန်းမောင်မှာ အာမခံနှင့်နေရ၏။ ကျွန်တော်က "ခင်ဗျားတို့ပြောစရာမလိုပါဘူး။ သိန်းမောင်ကိုသာလွှတ်လိုက်စမ်းပါ"

နောက်တစ်နေ့ညနေ သိန်းမောင် တုန်တုန်ယင်ယင်နှင့် ရောက်လာသောအခါ....

"ဟေ့ကောင် ဘာမှကြောက်မနေနဲ့၊ မင့်ကို ငါအဲဒီည ဟောဒီ နှုတ်ခမ်းအကွဲချုပ်ပြီးကတည်းက ငါစိတ်ကျေသွားပြီ၊ မင့်ကို ငါ ဘာမှမလုပ်ဘူး။ ဒါပေမဲ့ ရဲပိုင်တဲ့အမှု ရဲကတော့လုပ်လိမ့်မယ်။ သို့သော် မင်းသက်သာအောင် ငါထွက်ပါ့မယ်"

ရုံးတွင် အမှုဆိုင်ရသောအခါ ကျွန်တော်က ရဲဘက်ကသက်သေဖြစ်နေ

mgyoe.com

သည်။ ကျွန်တော့်လုပ်တာ သိန်းမောင်ပါပဲဟု ပြောရန် တိုက်တွန်းကြသည်။ ဤသို့ထွက်လိုက်ပါက ကိုယ်အင်္ဂါချို့ယွင်းမှုဖြင့် ထောင် ၉–နှစ်အတိကျ နိုင်သည်။ သို့သော် ကျွန်တော်က ညမှောင်မှောင်မှာ ဝိုင်းလုပ်ကြတာ တုတ်ရော၊ ဓားရော၊ ခဲရော၊ ဘယ်သူက ဘာနဲ့လုပ်မှန်းမသိဘူးဟု ပြောလိုက်သဖြင့် သက်သာသွားသည်။ (အမှန်အတိုင်းလည်းဖြစ်ပါ၏။) သို့တိုင်ခများမှာ ထောင် ၉–လကျသွားရှာသေး၏။

စကားမစပ် ဤအထဲ၌ သူယုတ်မာတစ်ကောင် ဝင်လာပုံကို ပြောရဦးမည်။

ကျွန်တော်ဆေးရုံမှဆင်းလာပြီး ခြေထောက် P.O.P ပလာစတာနှင့် အိမ်မှာလဲလျောင်းနေရစဉ် တစ်နေ့ခင်း အသားညိုညစ်ညစ် ပိန်ညှောင်ညှောင်လူတစ်ယောက် ရောက်လာပြီး သူသည် သိန်းမောင်ဘက်က လူဖြစ်ကြောင်း သိန်းမောင်က ကျွန်တော့်ကို ငွေ ၃၀၀ ကျပ် ပေးပါမည်။ သက်သက်ညှာညှာ ထွက်ဖို့ပြောခိုင်းလိုက်ကြောင်း စကားအိမ် ခင်းလာသည်၌ ကျွန်တော်ရုတ်တရက်ဒေါပွပြီး "သွား...သိန်းမောင် ခေါ်ချေစမ်း" ဟု ကျွန်တော့် ယောက်ဖလေးကို လွှတ်လိုက်လေလျှင် ထိုသူသည် အိမ်ပေါ်မှ သုတ်သုတ်သုတ်သုတ်နှင့် ဆင်းသွား၏။ ကျွန်တော်က "ဟေ့လူ....နေဦးလေ" ဆိုသည့်တိုင် "ကိစ္စရှိလို့ နောက်မှ လာပါ့မယ်" ဟု ပြောပြီးလစ်၏။

သိန်းမောင် ရောက်လာလျှင် ကျွန်တော်က ပြောပြသည်၌....

"ဟုတ်တယ်....အဲဒီလူပဲ၊ ကျွန်တော့်အိမ်လာပြီး ငွေ ၅၀ဝိ ပေးရင် ကိုကြင်ဆွေက ကျွန်တော့်အမှု လွတ်အောင် အစစ်ခံမယ်လို့ ပြောခိုင်းလိုက်သတဲ့"

ကြည့်စမ်း ဒုက္ခသည်တွေကြားက သူငွေ ၂၀ဝိ–ယူဖို့ မိုးကျရွှေကိုယ် သဖွယ် ရောက်လာသည်လေ။ အကယ်တိ သိန်းမောင်ကို ကျွန်တော် အာဃာတမပြေလျှင် သူ့အကြံ အောင်ပေမည်။ လောက၌ ဤလိုလူမျိုးလည်း ရှိဘိ၏။

သိန်းမောင်အတွက် ထိုစဉ်က ကျွန်တော် တော်တော်ပင် စိတ်မကောင်းဖြစ်ခဲ့ရ၏။ အရင်းစစ်တော့ အမြစ်မြေကဆိုဘိသို့ မူလဘူတမှာ ကျွန်တော့်ကြောင့်သာ ဖြစ်ရ၏။

mgyoe.com

mgyoe.com


ထိုနေ့ညနေ တိတ်တိတ်ပုန်း ချက်အရက် ရောင်းသောအိမ်မှာ ကျွန်တော် အမူးဒီဂရီ ၉၀ ကျော်တော့ ထုံးစံအတိုင်း ကျွန်တော်ထိုးချင်ခတ်ချင် ဖြစ်လာပြီး သူ့ဘာသာသူ လာသောက်သော သိန်းမောင်ကို ရန်စပြီး နောင်ဂျိန်ဓာတ် ခင်း၏။

ဖြစ်တော့မည်ဆိုကတည်းက ထိုးပုံထိုးကွက်ကို စိတ်ကူးတွင် ဆင်ပြီး သားဖြစ်နေသော ကျွန်တော့်ကို သူ့ခမျာ မယှဉ်ပြိုင်နိုင်ရှာပေ။ တစ်ဖက်သတ် ခံလိုက်ရ၏။

ဒါကို သူ့မယားနှင့် သူ့တပည့်များ ဒေါပွ၏။ သိန်းမောင်သည် ဖိနပ် ထောင်ဆရာဖြစ်၍ သူ့အိမ်မှာ အလုပ်သမားတော်တော်များရှိ၏။ ည ၁၁ နာရီခန့်တွင် တပ်ထောင်တာဗိုလ်ထု လူစု၍ ကျွန်တော့်အိမ်ရှေ့မှာ လာဆဲကြ၏။ အရက်ရှိန်နှင့် အိပ်မောကျနေသော ကျွန်တော်မှာ တော်တော် နှင့်မနိုးချေ။ သူတို့ဆူသံ တော်တော်ကြာတော့မှ ကျွန်တော့်နားထဲ သဲ့သဲ့ သဲ့သဲ့ကြားလာ၏။ ပထမဦး၌မသဲကွဲလှပေ။ ဘယ်သူတွေ ဘာဖြစ်နေသလဲ ဟု ဇဝေဇဝါဖြစ်မိ၏။ နောက် ကျွန်တော့် နာမည်ကို သဲသဲကွဲကွဲကြားရပြီး နောက် "ပေါင်းတည်သား သတ္တိကောင်းတယ်ဆို၊ ခုတော့–ငြိမ်နေပြီလား ကွ" ဆိုသည်ကို ကြားရသည်၌ ကျွန်တော်အိပ်ရာမှခုန်ထပြီး အိမ်သားများဆွဲကြသည်ကို တွန်းဖယ်ပြီး "ဟေ့...လာပြီကွ" ဆိုကာ လမ်းမသို့ အပြေးထွက် ခဲ့သည်။

ရုတ်တရက်မို့ လက်ချည်းဆင်းမိခြင်းကြောင့်သာ ကျွန်တော်ဆေးရုံနှင့် နာစုံမများအကြောင်း ဝတ္ထုရေးရသည်။ ဓားများဆွဲမိခဲ့လျှင် လူထုဦးလှ၊ ဗန်းမော် တင်အောင်တို့ကဲ့သို့ ထောင်ဝတ္ထုများကို ရေးရပေလိမ့်မည်။

ယင်းကိစ္စမှာ ကျွန်တော့်အဖို့ ဘာမျှမထောင်းတာ လှသော်လည်း သိန်း မောင်ခမျာမှာ ထောင် ၉–လကျသွားခြင်းဖြင့် သူ့အလုပ်နှင့် သူ့အလုပ်သမား များ ထိခိုက်သည်။ သူ့သားမယားကသီလင်တ ဖြစ်သွားရှာသည်။ ကျွန်တော့်အတွက်မူ ဘယ်ဘက်က စပယ်ဖူးသွားတတ်ကလေး ခဲမှန်၍ ဆုံးရှုံးရသည်ကို နမြောမိပါသည်။ အစားစိုက်သော်လည်း နဂိုပါ စပယ် ဖူးကလေးတော့ မရတော့ချေ။

ဤကား ကျွန်တော့်တစ်သက်တာတွင် အရက်သောက်၍ ရမ်းကားမိ

mgyoe.com

mgyoe.com

ခြင်းကြောင့် တစ်ဖက်သားအတွက် စိတ်မကောင်းဖွယ် ကြုံတွေ့ရခြင်း တစ်ရပ်ပါတည်း။

နောက်တစ်ဖန် ကြုံတွေ့ရပြန်သေးသည်။ ထိုလူကို လွန်စွာ သနားပြီးနောက် ကျွန်တော်၏ ရဲရင့်ခြင်းသည် ကြောက်ရွံ့ခြင်းသို့ ကူးပြောင်းကာ ရယ်ဖွယ် ကိစ္စကလေး တစ်ရပ် ဖြစ်ခဲ့တော့သည်။

× × × ×

၁၉၅၁ ခုနှစ် (လတော့ မမှတ်မိတော့ပြီ) တင့်တယ်သည်
အင်္ဂလန်၌ ၂ နှစ်နေခဲ့ပြီးသူ့ဇနီးမမာ၍ ခေတ္တခွင့်နှင့် ပြန်လာသည်၌
သူရောက်ပြီး နောက် တစ်ညမှာ တာဝါဘားတွင်
ကျွန်တော်တို့အတော်ပင် မြိုင်ဆိုင်သော သောက် ပွဲကလေးတစ်ရပ်
ကျင်းပကြသည်။ စာရေးဆရာထဲမှ မင်းရှင်၊ အောင်လင်း နှင့်
အခြားမိတ်ဆွေများပါကြသည်။ ကောင်တာ၏ နောက်ဘက်နား ချောင်
ကျကျနေရာမှာ စားပွဲ ၂ လုံးဆက်၍ ကျွန်တော်တို့ဝိုင်းမှာ လူ ၈
ယောက်မျှ ရှိ၏။ အရက်တစ်လုံးပြီးတစ်လုံး ထောင်လျက်
ရေခြားမြေခြားဆို၍ ခနောင်တို လောက်မျှ ရောက်ဖူးသော
ကျွန်တော်တို့သည် တင့်တယ်၏ ဘိလပ်မှတ်တမ်းများကို တအံ့တဩ
နားထောင်နေကြရင်း အမူးဒီဂရီတက်၍တက်၍ လာကြရာ ၁၀
နာရီလောက်အချိန်တွင် ဟိုတယ်အလယ်စားပွဲမှ လူတစ်
ယောက်သည်ထ၍ သောင်းကျန်းပါလေတော့သည်။

သူသည် အဓိပ္ပာယ်မရှိ ကျယ်လောင်စွာ အော်ဟစ်လျက် ဖန်ခွက်များကို မြှောက်ပစ်သည်။ ဆိုဒါပုလင်းများကို ရိုက်ခွဲသည်။ ထို့နောက် စားပွဲပေါ်သို့ တက်ပြီး မတ်တတ်ရပ်ကာ အင်္ဂလိပ်စကားဖြင့်....

"ဒီဟိုတယ် တစ်ခုလုံးမှာရှိတဲ့ လူတွေထဲက တစ်ယောက်ချင်းချဖို့ သတ္တိရှိတဲ့လူထွက်ခဲ့ပါ။ ဘယ်သူ့ကိုမဆို ချဖို့အသင့်ပဲ" ဟု အင်္ဂလိပ်လို ခံတွင်းတွေ့တွေ့နှင့် အကြိမ်ကြိမ် ဟစ်အော်နေတော့သည်။

ဘွိုင်ကုလားကသွား၍ တောင်းပန်သည်၌ ပါးကို ဘယ်ပြန်ညာပြန် ဂျပန်ချ ချပစ်လိုက်သည်။ ဟိုတယ်တစ်ခုလုံးက သူ့ကို ဂရုစိုက်သည်။

mgyoe.com

mgyoe.com


သို့သော် မည်သူမျှ တုတ်တုတ်မျှမလှုပ်ကြ။

"လာပါ....သတ္တိရှိတဲ့လူ တစ်ကောင်မှ မရှိကြဘူးလား.... တစ်ယောက်ချင်း မချရဲရင် ဝိုင်းချကြလေ....သူနာနာ–ကိုယ်နာနာ ချရတာ ပဓာနပါပဲ ....လာကြပါ"

ရက်ရက်ရောရောကြီး ဖိတ်ခေါ်နေပါသည်။ ယင်း၌ ကျွန်တော့်စိတ်ထဲတွင် "အင်း....ငါလိုကောင်တော့ တွေ့နေပြီ" ဟု မှတ်ချက်ချမိ၏။ သို့သော် ဒီနေရာမှာ ဗိုလ်သော်တာတစ်ယောက်တည်းမထဝံ့ပါ။ ထိုလူ၏ ကိုယ်ကာယကြီးမှာ ဟည်းနေ၏။ နည်းတဲ့ဗလမဟုတ်၊ အရပ်က ၆ ပေနီးပါးနှင့် လူဂင်တိုကြီးဖြစ်၏။ ကျွန်တော့်လောက် ကိုယ်ကာယကလေးကို ရုပ်ရှင်ထဲ၌ ဂေါ်လီယက်က ကိုင်ပေါက်ခြင်းမျိုး ခံရပေမည်။

ထို့ကြောင့်လည်း အခြားစားပွဲကလူများ ငြိမ်နေတာဖြစ်ပေမည်။ သူသည် အရက်တစ်ခွက်ပြီးတစ်ခွက်သောက်ကာ တစ်စထက် တစ်စ ကဲလာ၏။ မန်နေဂျာတရုတ်များလည်း ဘာမျှ မတတ်နိုင်။

စားပွဲပေါ်တက် မတ်တတ်ရပ်ကာ....

"အိုင်ချဲလင်းချ် အဲဗရီးဘောဒီး၊ သဟိုးလ်ဟိုတယ်" ဟု အကြိမ်ကြိမ်အော်ဟစ်ကာ ဖန်ခွက်များ ပုလင်းများကို ပစ်ကစားနေ၏။"

ဖန်ခွက်ကွဲတစ်ခု ကျွန်တော်တို့စားပွဲ လာကျသည်၌ကျွန်တော်က ငေါက်ကနဲထ၍....

"လာဗျာ သူဘယ်လောက်ဗလကြီးကြီး ဝိုင်းချရင် နိုင်ပါတယ်။ လာဗျာ ထကြပါ...."

သို့တိုင်ကျွန်တော့် မိတ်ဆွေများမှာ ရန်ဖြစ်ရန် ဝါသနာပါကြသူများ မဟုတ်မူ၍ ကျွန်တော့် ဆွဲထိုင်ခိုင်းပြီး....

"သူ့ဟာသူ မူးလို့ဟာ နေပါစေ ကိုဆွေရာ၊ ကိုယ်တို့ဟာ ကိုယ်တို့ သောက်နေပါ"

ကျွန်တော့်မှာ စိတ်မချမ်းသာတော့ပေ။

လဆန်းရက်ဖြစ်၍ ဟိုတယ်တွင် စားပွဲတိုင်းလိုလူပြည့်နေရာမှ ထိုလူ၏ ရမ်းကားမှုကြောင့် အချို့ ထပြန်သွားကြ၏။ အချို့မှာ မကြားဟန် မမြင်ဟန်ပြုနေကြ၏။ အချို့မှာ မျက်စောင်းခဲနေကြ၏။

mgyoe.com

ထိုလူကား သူ့စားပွဲတွင် အခြားလူမရှိ၊ ဘုန်းမောင်တစ်ကောင်တည်း ရမ်းကားနေပေသည်။ ရှပ်အင်္ကျီလက်တို ဘောင်းဘီရှည်နှင့် တောင့်တင်းသန်မာသည့်ပြင် ကိုယ်လုံး ကိုယ်ပေါက်လည်း တော်တော်လှသူဖြစ်၏။ ကျွန်တော့် တစ်သက်တာတွင် တစ်ယောက်တည်း ဤမျှရမ်းကားဝံ့သူကို မတွေ့ခဲ့ဖူးသေးချေ။

သူ၏ပုံသဏ္ဍာန်ကို ကြည့်ရခြင်းအားဖြင့် ဗလကောင်းသည့်ပြင် အထိုးအခတ် ကျင်လည်မည်၊ သို့မဟုတ် ဗန်တိုဗန်ရှည်စသည့်ပညာများ တတ်ကောင်းတတ်မည်ဟု တွေးထင်ဖွယ်ရာများရှိ၏။ ဆရာကြီး ရွှေဥဒေါင်း၏ ဇာတ်လိုက်ဇော်ဟိတ်ကို သတိရ၍ ကျွန်တော့်မှာ အလကားနေရင်း ကြောက်သလိုပင်ဖြစ်လာပြန်၏။

ထိုလူ၏ ရမ်းကားမှုကား မလျော့။ ဟိုတယ် တစ်ခုလုံးကိုသာ အတွင်မပြတ်ချဲ့လင်းချ်ခေါ်နေပေသည်။

ယင်း၌ကျွန်တော်တို့စားပွဲမှ လူကောင်ရော အသက်ရော အကြီးဆုံးလူ (နာမည်တော့ မဖော်တော့ပါဘူးနော်၊ ခုအရာရှိကြီးဖြစ်နေမှကိုး) ကျွန်တော်တို့မိတ်ဆွေကြီးသည် ကျွန်တော်တို့အား ဘာမပြော ညာမပြော ထိုလူဆီသို့ ထသွားလေသည်။ သူတို့နှစ်ယောက်မှာ အရပ်အမောင်းချင်းလည်းတူ၏။ ကြည့်ကောင်းတော့မှာပဲဟု အောက်မေ့မိ၏။

သို့သော် ကျုပ်တို့လူက ဘယ်ဟုတ်မှာတုံး သွားတောင်းပန်တာကိုးဗျ။

"ဒီမှာမိတ်ဆွေ၊ အားလုံးပဲ ခင်ဗျားကြောက်လို့ မလာရဲကြပါဘူး။ ဒီတော့ ပျော်ရပါးရအောင် လာကြတာကို အေးအေးဆေးဆေးပဲ"

သူ့စကားမဆုံးပေ။ ထိုလူသည် ရှေးနည်းတူဘွိုင်ကုလားကို ဆော်သည့်အတိုင်းပါးကို ဘယ်ပြန်ညာပြန် တီးလိုက်တော့၏။

ကျွန်တော်က ကိုယ့်လူထိ၍ မချိတော့ဘဲ စားပွဲမှထသည်ကို ဆွဲထားကြပြန်တော့၏။ ထို့ပြင် ပါးရိုက်ခံပြန်လာခဲ့သော ပုဂ္ဂိုလ်ကြီးကလည်း ကျွန်တော့်ကို တောင်းပန်နေပြန်တော့၏။ အံ့ဩဖွယ် တော်တော်လည်း သည်းညည်းခံနိုင်သူများပါပေ။

ကျွန်တော်စိတ်မကောင်းတော့ပေ။ ကိုယ့်စားပွဲကလူအတီးခံရသည်ကို အခြားလူများ လှမ်းကြည့်တော့ ရှက်လည်းရှက်မိ၍။

mgyoe.com

ကျွန်တော်အရက်ကို ၃–ခွက်ဆင့်ချလိုက်၏။ စိတ်ညစ်လို့ အရက်သောက်တာ ဤအခါဖြစ်ပေမည်။ ခဏအတွင်း အမူးဒီဂရီ ၉၀ကျော်သွားပေပြီ။

ကျွန်တော်စားပွဲမှထ၏။

"ထိုင်ပါ ကိုဆွေဘယ်တုံး"

ဝိုင်းမေးကြပြန်၏။

"ဟာ– ခင်ဗျားတို့ဟာကလည်း သေးပေါက်ကလေးမှ မသွားရတော့ဘူးလားဗျ"

ကျွန်တော်အိမ်သာသို့ တန်းတန်းမတ်မတ် သွားရ၏။ ပြန်လာသောအခါ ထိုလူသည် စားပွဲပေါ်တွင် မတ်တတ်ရပ်လျက် စီးကရက်တစ်ဖက် ဖန်ခွက်တစ်ဖက်နှင့် မိုးကောင်းတုန်း။

ကျွန်တော်သည် သူနှင့် တစ်စားပွဲကျော် ရောက်သောအခါ ကုလားထိုင်တစ်လုံးကို ဖာတ်ကနဲ ဆွဲယူပြေးသွားတာ သူ့စားပွဲကုလားထိုင်ပေါ် ခုန်တက်ပြီး တအားပစ်တီးလိုက်၏။ ကျွန်တော့်လက်ထဲက ကုလားထိုင်ရော ထိုလူရောတစ်ဖက်သို့ ပစ်ကျသွားလေသည်။

ဤအချိန်သည် အရေးကြီးဆုံး။ ထိုလူပြန်ထ၍ ရင်ဆိုင်ရသော် ကျွန်တော့်ဘက်က စစ်ကူမလာလျှင် ကျွန်တော့်မှာ ဂေါ်လီယက်လက်တွင်း သက်ဆင်းရတော့မည်။ သို့မဟုတ် ထွက်ပြေးရလျှင်လည်း ပေါင်းတည်သားခမျာ တစ်သက်နှင့်တစ်ခါ ရှက်စရာကြီး ပြီးဆုံးတော့မည်မဟုတ်ပေ။

ထို့ကြောင့်ထိုလူမထနိုင်မီ ဒိုင်ဗင်နှင့် ပစ်အုပ်လိုက်ရ၏။ နှစ်ယောက်သား သမံတလင်းမှာ ထွေးလုံးကြပေပြီ။ သူတပြန် ငါတပြန် အထက်ရောက်လိုက် အောက်ရောက်လိုက်။

အလား....လားလား....ဤအခါမှာတော့ ဟိုတယ်တစ်ခုလုံးက လူတွေ ကျွန်တော့်ဘက်က ဖြစ်နေကြပေပြီ။ ထိုလူကိုဝိုင်းဆောကြလေပြီ။ ပုလင်းနဲ့ရိုက် ဖန်ခွက်နှင့်ပေါက်။

ဟိုတယ်က တရုတ်တစ်ယောက်မူ လည်မျိုကိုနင်း၍ ပိုက်လုံးနှင့်ရိုက်၏။

ကြည့်စမ်း၊ လူတို့သည် ထိုလူကို အင်မတန်လုပ်ချင်နေကြ၏။ သူတို့

mgyoe.com

mgyoe.com


မစရဲလို့သာ၊ ယခုဟိုခမျာ နိမ့်ကျ သွားတော့ ရက်စက်လိုက်ကြတာ၊ ကျွန်တော်မှာ ယခုတိုင် တွေးမိတိုင်းသနားမိပါသည်။ ကိုယ့်ကြောင့် သူခမျာ ဒီလိုဖြစ်ရတာ ငါများ ဝိပါတ်လည်နေဦးမှာလားဟူ၍လည်း တွေးပြီး စိုးရိမ်မိပါ၏။

နောက်ဆုံး၌ သူ့ခမျာ ပါးစပ်ထဲမှ သွေးတွေ အန်ကာထိုင်ပြီး တောင်းပန်သည်အဆုံး၊ တရုတ်က နောက်ဖေးပေါက်မှ ကန်ထုတ်လိုက်လေသည်။

ယင်းအချိန်မှာ အထဲရုတ်ရုတ်ဖြစ်၍ အပြင်က လူများပါ ဝင်ရောက်ကြည့်ကြသဖြင့် တရုတ်များစိတ်ညစ်ကာ....

"အားလုံး ထွက်ကြပါ..... အားလုံးထွက်ကြပါ။ ပိုက်ဆံတွေလည်း မပေးကြပါနဲ့တော့" တံခါးသာ အတင်း ဆွဲပိတ်တော့၏။ တာဝါဘား၏ ရာဇဝင်မှာ ဤတစ်ခါသာ အသောက်သမားအားလုံးကို ဆေးမဲ့လွှတ်ဖူးသည် ဖြစ်ပါလိမ့်မည်။

ဤတိုက်ပွဲ၌ ကျွန်တော့်တွင် ရသောဒဏ်ရာလည်း မနည်းပေ။ နှစ်ယောက်သားထွေးလုံးစဉ် ဖန်ခွက်ကွဲကို ဖိမိဟန်တူသည်။ ကျွန်တော့်တင်ပါးမှာ ဟက်တက်ကြီး။ မျက်လုံးအောက် ညာဘက်ပါးရိုးမှာ နဘေးလူများ ဟိုလူဆော်ရင်း ဖန်ခွက်ကွဲ ချော်မှန်တာအသားနီရဲ။ ဒါကို အိမ်ပြန်ရောက်တော့ ပူပူနွေးနွေး ဘိလပ်ပြန် မာစတာတင့်တယ်က တင်ချာ ထည့်သဖြင့် ဒဂ်ါးဝိုင်းခန့် အညိုကွက်ကြီး ၂ နှစ်လောက် မပျောက်ပေ။(မျက်နှာကို တင်ချာ မထည့်ရ)

တင်ပါးကဒဏ်ရာကား နောက်တစ်နေ့မှာ ဆရာဝန်ဆီသွားရသည်။ တစ်ရက်နှင့်မပြီး၊ နေ့စဉ်သွား၍ ဆေးထည့်ရရာ ၃–ရက်မြောက်၌ ညာဘက်နံစောင်းက အသက်ရှူတိုင်း အောင့်သဖြင့် ဆရာဝန်က စမ်းသပ်ကြည့်တော့ အသည်းရောင်သတဲ့။ ဘာကြောင့် ရောင်သနည်း၊ အရက်ကြောင့် ရောင်နိုင်သည်။ ဟိုလူနှင့် လုံးသတ်စဉ် ရင်ဘတ်ကို ပြင်းပြင်းထန်ထန် တစ်ချက်အထိုးခံရပုံ ပြောပြရာ ထိုလက်သီးဒဏ်ကြောင့်လည်း ဖြစ်နိုင်သတဲ့။

ဘာကြောင့်ပဲဖြစ်ဖြစ် အသက်အန္တရာယ် စိုးရိမ်ရသည်။ တစ်နေ့လျှင် တစ်နာရီမျှလဲလျောင်း၍ ၁၀ ရက်တိတိ 'ရေဒီယန်ဟိ' (အပူဓာတ်တမျိုး) ပေးမှ ထိုဝေဒနာ ပျောက်ကင်းသွား၏။

mgyoe.com

သို့တိုင် ကျွန်တော့်မှာ နောက်ကြောင်း မအေးချေ။ ဟိုလူကြီး၏ ကိုယ်ကာယကို မြင်ယောင်ပြီး တွေးမိတိုင်း တစိမ့်စိမ့်ကြောက်နေ၏။ 'သူနဲ့ ငါတစ်ယောက်ချင်းများ တွေ့လိုက်ရင်တော့ ကြက်သီးမွေးညင်း ထမိ၏။ သူငါ့ကို မမှတ်မိပါစေနှင့်ဟုလည်း ဆုတောင်းရ၏။

ရက်ပေါင်းများစွာ ကျွန်တော်တစ်ယောက်တည်း ဟိုဟိုဒီဒီ ရဲရဲမသွားဝံ့ချေ။ အထူးသဖြင့် တာဝါဘားကို ကျွန်တော်မဝင်ရဲပါ။ သူလာနေကျလား၊ သို့မဟုတ် ကျွန်တော့်ကို တမင်လာစောင့်နေမလားဟုတွေး၍ စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော့် တစ်သက်တာတွင် လူတစ်ယောက်ကို အကြောက်ကြီးကြောက်သောအခါဖြစ်ပါ၏။ ဘယ့်နှယ် မကြောက်ဘဲ နေပါ့မလဲ မိတ်ဆွေ၊ လက်သီးတစ်ချက်တည်းနဲ့ အသည်းရောင်တဲ့လူဗျ။

သို့သော် မတွေ့ချင်လို့ မနေရ။ နောက်ဆုံး၌ သူနှင့်ကျွန်တော် ကိစ္စပြတ် တွေ့ရပေတော့သည်။

ဤအခါ၌ ဂလုပ်ရုံဘေးမှာ ဂလုပ်ဘား ရှိသေးသည်။

တစ်ခုသောညနေ၊ ကျွန်တော်သည် ဗိုလ်ချုပ်ဈေး ရှမဝတိုက်မှာလာခဲ့၍ တာဝါဘား မဝင်ရဲသဖြင့် ၎င်းကိုကျော်ပြီး ဂလုပ်ဘားထဲ ထိုင်မိသည်၌ သူ့ကိုပက်ပင်း သွားတွေ့ရပေတော့သည်။

ကျွန်တော် သူ့ကိုမြင်တာ နောက်ကျသွား၏။ စားပွဲတစ်လုံးထိုင်ပြီး "ဟော့ဘွိုင် ဝမ်းပက်" ဟု မှာလိုက်ပြီး ဟိုဟိုဒီဒီကြည့်လိုက်မှ ထိုလူ စားပွဲတစ်လုံးတွင် ထိုင်သောက်နေတာ တွေ့ရတော့ ကျွန်တော် ရုတ်ခြည်းရှောင်မပြေးသာတော့ပေ။ အရက်သောက်ပြီးမှ ရဲတဲ့ကောင် ဗိုက်ထဲလည်း အရက်တစ်စက်မှ မဝင်သေးတော့ ကြောက်သွေးဖြာတော့၏။ ရင်မှာ တဒိတ်ဒိတ်ခုန်တော့၏။

"ဒီတစ်ခွက်သောက်ပြီးရင်တော့ လစ်မှပဲ"

ထို့ကြောင့် ဘွိုင်လာချသော အရက်ကို မြန်မြန်မော့ပြီး ခါတိုင်းလို "ဟော့ဘွိုင်၊ ပိုက်ဆံလာယူ" ဘာညာ မပြောဝံ့တော့ပဲ အသာကလေး ကုပ်ကုပ်ကောင်တာကို ထသွားရတော့၏။ ထိုလူကိုလည်း ကျွန်တော် နောက်ထပ်မကြည့်ရဲ။ ကြောက်လိုက်တဲ့ ဖြစ်ခြင်းများလေ။

mgyoe.com

mgyoe.com


ယင်းအခိုက်မှာပဲ တရုတ်ဆီက ပြန်အမ်းသော ပိုက်ဆံကို ယူနေစဉ် ကျွန်တော့် လည်ကုပ်ပေါ် လက်ချောင်းကျလာပြီး "ဟော့လူ" ဟူသောအသံ ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်တစ်ကိုယ်လုံးမှာ ဆတ် ဆတ်တုန်သွားကာ" "ဟာ မထူးတော့ပါဘူး။ တစ်ချက်တော့ ဦးရမပေါ့ ဟယ်" ဟု လျှပ်တပြတ်အတွင်း တအား လှည့်တီးလိုက်ရာ ပက်လက်လန် လဲကျသွားပေတော့သည်။

ကျွန်တော့် မျက်လုံးများလည်း ပြာဝေနေ၍ လဲကျနေသူကို သေသေ ချာချာ ကြည့်လိုက်တော့ လား လား....ဟိုလူ ဟုတ်ပါရိုးလား။ ကျွန်တော် ၏ သောက်ဖော် မိတ်ဆွေတစ်ယောက်။ ကျွန်တော့်ကို လာပြီးနှုတ်ဆက်တာ ကိုး။

ဟိုလူအစစ်ကိုကား လူများ ရုတ်ရုတ်ဖြစ်စဉ် ဟိုတယ်ထဲမှ ခပ်သုတ် သုတ် ထွက်သွားသည်ကိုသာ မြင်လိုက်ရပေတော့၏။

❑

mgyoe.com

mgyoe.com

# တွေးလေဆွေးမပြေ

စာပေဝါသနာပါသူတို့တွင် အချို့သည် မိမိတို့အကြောင်းကို ဝတ္ထုရေး စေလို၍ စာရေးဆရာအား ပြောပြတတ်ကြသည်။

၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က ရန်ကုန်ဆေးရုံကြီးအရိုးနာ ကုသသောအခန်း၌ ကျွန်တော်သည် ခြေမဒဏ်ရာ ကျောက်ပတ်တီးနှင့် လူနာခုတင်ပေါ် လဲလျောင်းနေစဉ် အရပ် ၆–ပေ၊ ၄–လက်မရှိသော ရခိုင် လူမျိုး ကိုလှအောင်သည် ထိုစဉ်က သူ့အသက် အစိတ်ထိ ဘဝဇာတ် ကြောင်းကို ကျွန်တော့်အား စိတ်ရှည်လက်ရှည် ပြောပြနေပါသည်။

သူသည် ဇာတိစစ်တွေသား၊ ဖခင်က မြေစာရင်း အင်စပက်တော်၊ သူလူ လားမြောက်သည်၌ ကွယ်လွန်သည်။ ထိုအခါ သူ့မိခင်မှဆိုးမက သူ့အား စစ်တွေကျောင်းတွင် မထားတော့ဘဲ သူ့ဦးရီးရှိရာ ဖျာပုံမြို့ ဟိုက်စကူး ကျောင်းသို့ ပို့သည်။ ထိုမြို့မှာ သူ့အချစ်ဦးရည်းစားရသည်....အစချီလျက်....

\+ + +

ကိုလှအောင်သည် ခြေဖမိုးအရိုးကျိုးနာနှင့် ဆေးရုံတွင်ကာလကြာမြင့်

mgyoe.com

mgyoe.com


စွာ နေရသူဖြစ်ပါသည်။ ကျွန်တော်ဆေးရုံရောက်၍ ဒုတိယမြောက်နေ့မှာပင် သော်တာဆွေမှန်း သိသည်နှင့် လာရောက်မိတ်ဖွဲ့ကာ ကျွန်တော့်အခန်း အပြင်ဘက် ခုတင်၌နေရသည်ကို အတွင်းခန်းနေရာကောင်းရောက်အောင် သူဆောင်ရွက်ပေးပါသည်။ ကျွန်တော်နားမလည်သေးသော ဆေးရုံ အကြောင်းတွေ ပြောပြပါသည်။ သူကား ဆေးရုံပေါင်းစုံခဲ့ပြီဖြစ်၍ ဆေးရုံ ပါးဝလှလေပြီ။

သူအသင့်ရေးထားသော သူ့အဖြစ်အပျက် မှတ်တမ်းထဲတွင် ၁၉၄၅ ခုနှစ် အင်္ဂလိပ်စစ်တပ်၌ ဆာဂျင်အဖြစ်အမှုထမ်းနေစဉ် မတ်လ ၁၅ ရက်နေ့ ည ၁၂ နာရီခန့်၌ ရန်ကုန်မင်္ဂလာဒုံ လမ်း ၉ မိုင်ကွေ့တွင် ကားချင်းတိုက်မိ၍ နှစ်စင်းစလုံးကလူများ လွင့်စဉ်ကျကြသည့်အနက် ကျွန်ုပ်ခြေဖမိုးရိုးကျိုး သည်။ ကျွန်ုပ်မောင်းလာခဲ့သောကားကို စီးလာခဲ့သူမျက်နှာဖြူမှာ ဘယ်ဘက် လက်မောင်းကျိုးသည်။ အခြားကားမှ အမေရိကန် မေဂျာမှာ ထိုနေရာ၌ ပွဲချင်းပြီးဆုံးသည်။

ကျွန်ုပ်တို့လူနာနှစ်ယောက်ကို မင်္ဂလာဒုံ စစ်ဆေးရုံမှတစ်ဆင့် မိတ္ထီလာ သို့...ထိုမှတစ်ဆင့် ကာလကတ္တားမြို့ ဘာရစ်ပူဆေးရုံကြီးသို့ ယူဆောင် သွားကြသည်။ ကျွန်ုပ်မိတ်ဆွေ မျက်နှာဖြူမှာ ထိုဆေးရုံတွင် လက်မောင်း ကို ဖြတ်ပစ်လိုက်ရပြီး ၁၅ ရက် အကြာတွင် အင်္ဂလန်သို့ ယူဆောင်သွားလေ သည်။

ကျွန်ုပ်မှာ ကံကောင်းထောက်မ၍ ခြေထောက်ကို မဖြတ်ရ၊ သို့သော် တော်တော်နှင့် မပျောက်၊ ဘာရစ်ပူဆေးရုံ၌ ၃ လကျော်ကြာသည်တွင် ကုလား တွေ ကြားထဲနေရတာ ငြီးငွေ့လှသည်နှင့် ကျွန်ုပ်ဆန္ဒအရပင် ရန်ကုန်ဆေး ရုံကြီးသို့ရောက်ခဲ့ရသည်။ ရန်ကုန်ရောက်ပြီး နှစ်လမျှအကြာမှာပင် အင်္ဂလိပ် စစ်တပ်သည် ဗမာပြည်မှ ရုပ်သိမ်းတော့မည်ဖြစ်၍ ကျွန်ုပ်ကိုမလိုတော့သည် နှင့် အလုပ်မှထုတ်ပစ်လိုက်တော့သည်။

ရန်ကုန်ဆေးရုံကြီးတွင် ၁၁ လမျှ ကုသပြီးသည်နှင့် ကျွန်ုပ်ကောင်း ကောင်း လမ်းလျှောက်နိုင်၍ မေမြို့သို့သွားကာ ရရာအလုပ်ဘဲ စစ်တပ်မှာ စစ်တပ်စာရေး လုပ်ပါသည်။ ထိုမှ စစ်တပ်အလုပ်ကိုငြီးငွေ့သဖြင့် သစ် တောဘက်ပြောင်းလိုက်ရာ မော်လမြိုင်မြို့သို့ ရောက်ခဲ့လေ၏။

mgyoe.com

mgyoe.com


ယင်း၌ ကျွန်ုပ်မှားလေပြီ၊ သစ်တောဘက်၌ ခရီးကြမ်းအလုပ် များပေရကား၊ ၁၉၄၉ ခုနှစ် နှစ်ဦးတွင် ခြေဖမိုးအရိုးကျိုးဒဏ်ရာ ပြန်ပေါ်လေပြီ။ နှစ်လယ်လောက် ရောင်စုံသူပုန်တွေအထ၌ မော်လမြိုင် ဆေးရုံလောက်တွင် မဖြစ်နိုင်တော့သည်နှင့် ရန်ကုန်ဆေးရုံကြီးသို့ ရောက်အောင် ခဲယဉ်းစွာ လာခဲ့ရတော့၏။ ယခင်က သိဟောင်းကျွမ်းဟောင်း ဆရာဝန် ဆရာမတို့သည် ကျွန်ုပ်ကို ဆီးကြိုလျက်ရှိသလိုပင် တွေ့ရလေ၏။

ဤကား ကိုလှအောင်နှင့်ကျွန်တော် တွေ့ရသောသူ၏ နောက်ဆုံးအခြေအနေဖြစ်ပါ၏။

သူ့ဇာတ်လမ်းအစကား

× × ×

ကျွန်တော်မောင်လှအောင်သည် မရည်ရွယ်ဘဲနှင့်အကြောင်းအားလျော်စွာ အိန္ဒိယပြည်သို့ ရောက်သွားရသည်မှာ လူငယ်တို့ဘာဝ ရည်းစား၏ သံယောဇဉ်ကြောင့်ဟု ဆိုရပေမည်။

အကြောင်းမှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ဂျပန်များ ဗမာပြည်ကို စတင်ဗုံးကြဲ၍ ကျွန်တော်တို့ဖျာပုံဟိုက်စကူးမှ ကျောင်းသားအားလုံး ကိုယ့်မိဘရပ်ထံ ပြန်ကြသည်၌ ကျွန်တော့်မှာ ချစ်သူအတွက်ခွဲရမှာ သဲမြည့်ဘဖြစ်နေ၍ စစ်တွေမြို့သို့ ရုတ်တရက်မပြန်နိုင် ဖြစ်နေခဲ့သည်။

သို့ကြန့်ကြာနေစဉ်ဝယ် ရန်ကုန်မှ ရခိုင်ကျောင်းသား တစ်စုသည် သင်္ဘောတစ်စင်းနှင့် ဖျာပုံဆိပ်ကမ်းရောက်လာကာ ညဥ့်အိပ် ရပ်နားကြသည်၌ ကျွန်တော့်ကိုတွေ့သွား၍ ကျွန်တော့်ကို စစ်တွေသို့ ပြန်မလိုက်လိုက်အောင် ခေါ်ကြသည်။

ထို့ကြောင့် ချစ်သူအတွက် မချိသောနလုံးနှင့် သင်္ဘောပေါ်သို့တက်ခဲ့လေသည်။ ထိုအချိန်၌ သင်္ဘောများသည် ပင်လယ်ကြောင်းကို မသွားနိုင်တော့ပြီဖြစ်၍ ယခု ကျွန်တော်တို့သင်္ဘောသည် အထက်သို့ ဆန်တက်မည်။ ပန်းတောင်းရောက်တော့ ကျွန်တော်တို့က တောင်ကုတ်လမ်းမှ ရခိုင်သို့ ကုန်းကြောင်းသွားကြမည်တည်း။

သို့ရာတွင် ထိုစဉ်၌ ပန်းတောင်းတောင်ကုတ်လမ်းတွင် ဝမ်းရောဂါတွေ

mgyoe.com

mgyoe.com

ဖြစ်နေလေရာ၊ ကျွန်တော့်မှာ ခရီးအစတွင်ပင် ဝမ်းရောဂါရ၍ ပြည်မြို့ဆေးရုံသို့အမြန်ပို့ခြင်း ခံရသည်။ အဖော်များကား ကျွန်တော့်ကို စောင့်မနေနိုင်ကြတော့ပေ။

သို့ဖြင့် ကံကောင်းထောက်မ၍ ကျွန်တော် ဝမ်းရောဂါပျောက်ကင်းသည်၌ ၎င်းဆေးရုံတွင် သိကျွမ်းရသော မျက်နှာဖြူ ခရီးကြုံတို့နှင့်သင်္ဘောကြောင်းဆန်တက်သွားပြီး မြစ်ကြီးနားမြို့မှတစ်ဆင့် ကုန်းလမ်းဖြင့် အိန္ဒိယပြည်သို့ရောက်ခဲ့ရလေ၏။

ကျွန်တော့်ရည်ရွယ်ချက်မှာ အိန္ဒိယရောက်လျှင် ရခိုင်ကိုသွားရန် လွယ်ကူလိမ့်မည်ဟူသော မျှော်လင့်ချက်နှင့်ဖြစ်၏။ သို့သော် ကျွန်တော် စစ်တကောင်းမြို့ ရောက်သောအခါတွင် ရခိုင်ပြည်ကို ဂျပန်များ ရောက်နေလေပြီ။ အင်္ဂလိပ်ပိုင်နက်နှင့် ဂျပန်ပိုင်နက်အကူးအသန်းမရှိရတော့။ ထို့ကြောင့် ဗမာပြည်မှ အတူလိုက်ခဲ့သောအင်္ဂလိပ်အရာရှိ မစ္စတာဘယ်လေး၏ ကျေးဇူးဖြင့် စစ်ရိက္ခာရုံးတွင် စာရေးကလေးလုပ်ရလေ၏။

မစ္စတာဘယ်လေးသည် ကျွန်တော့်ကိုချစ်ခင်သည်။ အသက် ၁၈ နှစ်နှင့် ၆ ပေကျော်နေသော ကျွန်တော့်အရပ်အမောင်းကို သူသဘောကျလှသည်။

တစ်နေ့သော် မစ္စတာဘယ်လေးသည် ကျွန်တော့်အား အလုပ်ခွင့်ယူစေပြီး ဒါဂျီလင်မြို့သို့ မီးရထားနှင့်ခေါ်သွားသည်။ ရောက်လျှင် လေကြောင်းအတတ်သင်ကွင်းကို လိုက်ပြ၏။

ကုလားလူငယ်တို့သည် လေယာဉ်ပျံပေါ်မှ ခုန်ချခြင်းကို လေ့ကျင့်နေကြ၏။ ပေ ၂၀ ကျော်အမြင့် ဆောက်လုပ်ထားသော လေယာဉ်ပျံ ပုံသဏ္ဍာန်တို့အပေါ်မှ စပရိန်မွေ့ရာ အခင်းများပေါ်သို့ တဖုတ်ဖုတ်ခုန်ချကာ တစ်ပတ်ဂျွမ်းထိုးကြရ၏။ ဤတွင် မျက်နှာဖြူအရာရှိတို့က သင်ပြအားပေးနေကြသည်။ ချီးမွမ်းနေကြသည်။

ကျွန်တော့်မှာ လူငယ်တို့ဘာဝ "ဒင်းတို့လို ငါလုပ်ချင်စမ်းပါဘိ" ဟုစိတ်ထဲက ရီးတိုးရွတဖြစ်လာ၏။ ခေတ္တမျှ အကြာတွင် အထက်ကောင်းကင်မှ လေယာဉ်ပျံသံတွေ ကြားရပြီး လေထီးမှိုပွင့်လေးတွေ ပေါ်ပေါက်လာကာ သဲမြေမွကြဲ ထားသော ကွင်းကြီးထဲသို့ ထွေးကနဲထွေးကနဲ ကျလာ
mgyoe.com

mgyoe.com


ကြကုန်သည်။

ထိုအခါ ချောမောလှပသော အင်္ဂလိပ်မလေးတို့သည် လေထီးဆင်းကြသူများဆီသို့ တစ်ယောက်စီ အသီးသီးပြေးကြကာ လေထီးကြိုးတွေဖြုတ်ပေးကြသည်။ ကစ်(စ်)ပေးပြီး တွဲခေါ်လာကြသည်။ လေထီးဆင်း ကျင့်နေသူများကား ကုလားလူငယ်တွေဖြစ်၍ မျက်နှာဖြူမလေးတွေ တွဲခေါ်လာသည်၌ ကျိုးကန်းနှင့် ဥဖျိုင်း တောင်ပံချင်းယှက်လာသည်နှင့်တူနေပေသည်။

ရှေးယခင်က အသားမည်းဆိုလျှင် မျက်စိပင် ရှောင်ခဲ့ကြသော အဖြူမလေးတို့သည် ယခုအခွင့်အရေးပေးလာသည်။ ချစ်သူရည်းစားများလို တွဲလာကြပြီး နေနားသည့်တဲထဲသို့ရောက်လျှင် ဘိလပ်ရည်ကို သူတို့လေးတွေကိုယ်တိုင် ဖောက်တိုက်ကြသည်။ ကုလားကလေးတွေ၏ နဖူးပြင်နှင့်ပါးပြင်တို့ကို နှုတ်ခမ်းနီတွေးကလေးတွေနှင့် မွှေးမွှေးပေးကြသည်။

"အား....ဇိမ်ပါပဲလားအန်ကယ်ရာ"

ကျွန်တော်သည် ဤမြင်ကွင်းကိုကြည့်နေရာမှ မစ္စတာ ဘယ်လေးလက်ကို ဖျစ်ညှစ်ကာ ရုတ်တရက် ပြောလိုက်မိရာ ယင်းကို ကျွန်တော့်အား အကဲခတ်နေသည်ဖြစ်သော မစ္စတာဘယ်လေးက....

"မင်းသူတို့လိုမဖြစ်ချင်ဘူးလား"

"ဟာဖြစ်ချင်တာပေါ့အန်ကယ်ရာ"

"ဒါဖြင့် မင်းသူတို့လိုလေယာဉ်ပျံပေါ်က ခုန်ချရဲပါ့မလား"

"အောင်မာ ကုလားလေးတွေတောင် လုပ်ရဲသေးတာ ကျွန်တော်က ဘာမလုပ်ရဲရမှာတုံး"

"ဒါဖြင့် ငါလေတပ်ထဲ သွင်းပေးမယ်လေ၊ လခလည်း ကောင်းတယ်ကွ၊ အခုမင်းလစာထက် နှစ်ဆရမယ်။ ကြီးပွားလမ်းလည်းရှိတယ်"

စင်စစ်ကား မစ္စတာဘယ်လေးသည် သူတို့တိုင်းပြည်နှင့် လူမျိုးအတွက် ကျွန်တော့်အား သူတို့စစ်တပ်ထဲသို့ ဝင်စေရန် စစ်တကောင်းမှ ဒါဂျီလင်သို့ တမင်ခေါ်လာခဲ့သည်ဖြစ်ကြောင်း ကျွန်တော် နောက်တော့တွေးမိပါ၏။

မည်သို့ပင် ဖြစ်လင့်ကစား သူ့အကြံ အောင်မြင်ပါလေပြီ။ ကျွန်တော် လေထီးဆင်းစစ်သားတစ်ယောက်ဖြစ်သွားလေပြီ။

× ×

mgyoe.com

mgyoe.com


၁၉၄၃ ခုနှစ် မဟာမိတ်တို့ဘက်မှ လေထီးပြောက်ကျားတွေ ဗမာပြည်တွင်းသို့ စတင်ဆင်းစပြုချိန်ဝယ် ကျွန်တော်၏ အထက်အရာရှိသည် ကျွန်တော့်ကို ခေါ်ငင်ကာ မြန်မာပြည်တွင်း အဘယ်အရပ်၌ ဆွေမျိုးမိတ်ဆွေများရှိသနည်း။ အဘယ်ကို သွားချင်သနည်းဟု မေး၏။

ကျွန်တော်သည် ပထမရည်းစားရှိရာ ဖျာပုံမြို့နှင့် ဒုတိယမိခင်ရှိရာ စစ်တွေမြို့သို့သာသွားချင်သည်။ အခြားဘယ်မှာမှ ဆွေမျိုးမိတ်ဆွေမရှိဟု ဖြေမိလေသည်။

"ကဲ…ကောင်းပြီ" ဟုဆိုကာ ခရီးထွက်ရန် ပြင်ဆင် စေပြီး ၃–ရက်မြောက်သော နေ့ညအချိန်၌ လေယာဉ်ပေါ် တက်ခဲ့လေသည်။

ယခု ကျွန်တော်နှင့်အတူ လေထီး ဆင်းရမည့် သူများမှာ "မောင်နီ" နှင့် "မြကြီး"ခေါ် ကျွန်တော်ကဲ့သို့ မြန်မာလူမျိုးနှစ်ယောက်နှင့် ကျွန်တော်တို့အား နည်းပေးလမ်းပြ လုပ်မည့် မျက်နှာဖြူအရာရှိ "မစ္စတာဘတ်"ဖြစ်လေသည်။

ညဥ့်နက်မှောင်မိုက်ကြီးဝယ် အဘယ်မှအဘယ်သို့ ရောက်လေသည်မသိ၊ ခုန်ဆင်းရန် အချက်ပေးလိုက်၍သာ လေယာဉ်တံခါးပေါက်မှ ကိုယ်ကိုလွှင့်ထုတ်လိုက်ရသည်။ အောက်သို့ဖြင့် ဘာကိုမျှ မမြင်ရပါ။ လေထီးသည် ကောင်းစွာပွင့်၍ မြေပြင်သို့ "ဒုတ်"ကနဲရောက်သောအခါတွင် "ဟဲလို" ဟူသော ကျွန်တော့်ရှေ့က ဆင်းသွားသည့် မောင်နီ၏ အချက်ပေးသံကို ကြားရသည်နှင့် "ဟုပ်" ဟုပြန်၍ အချက်ပေးလိုက်ရပါသည်။

ဤသို့လျှင် "ဟဲလို"၊ "ဟုပ်" နှင့် တစ်ယောက်တစ်ခွန်း အော်ကြ၍ လူ ၄–ယောက် ဆုံမိကြသောအခါတွင် မစ္စတာဘတ်က မီးရောင် အချက်ပြလိုက်သည်၌ လေယာဉ်ပေါ်မှ စားနပ်ရိက္ခာနှင့် တဲမိုးရွက်ဖျင်ထုပ်တွေကို ချလိုက်လေသည်။ ကျွန်တော်တို့အောက်မှ ကြည့်နေသောအခါ ကျလာသော လေထီးတွေကို ကြယ်ရောင်ဖြင့် မြင်ရသည်။

ထို့ကြောင့် ကျွန်တော်တို့သည် လိုက်လံကောက်ယူကာ ထိုညမှာပင်တဲနှင့်၊ အိပ်ရာနှင့် ကျကျနနဖြစ်သွားလေ၏။

နံနက်မိုးသောက်သောအခါတွင် မစ္စတာဘတ်က ယခု ကျွန်တော်တို့သည် မင်းဘူးမြို့အနောက်ဘက် ၂၆ မိုင်ကွာသော တောထဲသို့ ရောက်နေ

mgyoe.com

mgyoe.com


ပြီဖြစ်ကြောင်းပြောရာ စစ်သဘော နားမလည်သေးသော ကျွန်တော့်မှာ အံ့အားသင့်လျက်....

"ဟင်....ကျွန်တော့်ကို သွားချင်တဲ့ နေရာမေးတော့ ဖျာပုံနဲ့ စစ်တွေလို့ ပြောခဲ့တယ်"

မစ္စတာဘတ်သည်ပြုံးကာ....

"မင်းတို့သွားချင်တဲ့နေရာပို့လို့ဖြစ်မလားကွ"

ဟုတ်ပါ၏။ ကျွန်တော် သူပြောတော့မှ စဉ်းစားမိပါသည်။ ကျွန်တော် သာရည်းစားဆီသော်လည်းကောင်း၊ ရောက်ရှိသွားပါမူ ယခုကြုံရတော့မည့် သူလျှိုတာဝန်ကြီးကို သက်စွန့်ဆံဖျား ထမ်းဆောင်လိမ့်အံ့လော။

မောင်နီနှင့်မြကြီးလည်း ညည်းညူကြ၏။ သူတို့မှာ တစ်ယောက်က မုံရွာသား၊ တစ်ယောက်ကမော်လမြိုင်၊ ဘားမားရိုင်ဖယ်တပ်နှင့် အိန္ဒိယသို့ ပါခဲ့သူများ၊ ကျွန်တော့်လိုပင် ဇာတိဌာနေသို့ပြန်ချင်ကြပေလိမ့်မည်။ နိုင်ငံရေးနှင့် တိုင်းပြည်ချစ်၍ စစ်ထဲဝင်ကြသူများ မဟုတ်၊ ဝမ်းရေးကြောင့်သာ။ သို့ရာတွင် ဂျပန်ကိုမုန်းတီးဖို့ အင်ဂျက်ရှင်းကား သူတို့ကိုယ်ထဲ ထိုးပေးပြီး သားဖြစ်လေသည်။

ထို့ကြောင့် "တို့ကိုက အ,ပါတယ်ကွာ" ဟု ညည်းညူပြီးကြသည်၏ အခြားမဲ့၌ မစ္စတာဘတ်၏ အမိန့်ကို နာခံဖို့သာ အသင့်ရှိကြရတော့၏။

မစ္စတာဘတ်သည် မြေပုံကိုဖြန့်ကာ လက်နှင့်ညွှန်ပြလျက်....

"ဟောဒါကမင်းဘူးမြို့၊ ဒါက တို့အခုရောက်နေတဲ့ နေရာ၊ ဒီကြားထဲမှာ ရွာ–၃ ရွာရှိတယ်။ ပထမရွာက A၊ အခုတို့နေရာနဲ့ ၉–မိုင်ကွာတယ်။ ဒုတိယရွာက B၊ A နဲ့ ၈ မိုင်ကွာတယ်။ တတိယရွာ C က B နဲ့ ၆ မိုင်ကွာတယ်။ အဲဒီ C နဲ့ မင်းဘူးက ၃–မိုင်ပေါင်း ၂၆ မိုင်"

"အဲဒီ ၃ ရွာအနက် မင်းဘူးနဲ့ ၃–မိုင်ကွာတဲ့ C မှာ ဂျပန်တွေ လေယာဉ်ကွင်း ဆောက်နေတယ်။ တို့မျက်နှာဖြူစစ်သား ၅၀ ကျော် သုံ့ပန်းအဖြစ်နဲ့ ညှဉ်းပန်း ခိုင်းစေနေတယ်ဆိုတာ သိရတယ်။ အခုတို့ဒီလာတဲ့ ရည်ရွယ်ချက်က သူတို့လေယာဉ်ကွင်းအခြေအနေကို စုံစမ်းဖို့နဲ့ တို့မျက်နှာဖြူစစ်သားတွေကို ကယ်ဆယ်ဖို့ပဲ၊ ဒီတော့ ဒီရွာသုံးရွာကို မင်းတို့အသီးသီးသွားနေကြပြီး ငါ့ဆီကို တစ်ဆင့်တစ်ဆင့် သတင်းပို့ကြရမယ်။ ကဲ ဘယ်သူ

mgyoe.com

ဘယ်မှာနေရမယ်ဆိုတာ မဲနှိုက်ကြ”

သို့ရာတွင် ကျွန်တော်တို့လက်နှင့် နှိုက်ရသည်မဟုတ်၊ မစ္စတာဘတ်က သူအသင့်ပြင်ထားသော မဲလိပ်များကို သူ့ဟာသူနှိုက်၍ တစ်ယောက်စီခေါ် ပေးသည်။

ကျွန်တော်က...C ။ မောင်နီက....B ။ မြကြီးက....A ။

ဤ ၃–ခုအနက် မည်သူကအခက်ဆုံးဆိုသည်ကို အထူးဖော်ပြစရာ လိုမည်မထင်ပါ။ မစ္စတာဘတ်သည် ကျွန်တော်တို့သွားခါနီး၌ အသီးသီး လက်ဆွဲနှုတ်ဆက်ကြရာ ကျွန်တော့်အား....

“မောရစ် မင်း–ဒီအရေးကြီးဆုံး နေရာက ဆောင်ရွက်နိုင်မယ်ဆိုတာ ငါယုံကြည်ပါတယ်”

ကျွန်တော်၏ နာမည်မှာ ‘မောရစ်’ဖြစ်ပါသည်။

ယခု ကျွန်တော်တို့အား မြန်မာ တောသားကြီးများ ပုံစံအတိုင်း ချည်လုံ ချည်ကြမ်း၊ ဖျင်ကြမ်းအင်္ကျီတို့နှင့် တဘက်ကြီးတွေ ခေါင်းပေါင်းကာ လွယ် အိတ်ကြီး တစ်လုံးစီနှင့် ပေါင်မှာ ၆–လုံးပြူးတစ်လက်စီ ချည်ထားသည်။ ကိုယ်ထဲမှာ ဘိန်း တစ်ယောက်တစ်ပိဿာစီ လွယ်ပတ်ထား၏။ ထိုဘိန်း ကား မြန်မာကျေးတောသားတို့ဆီတွင် ရောင်းချ၍ ကျွန်တော်တို့ နေထိုင် စားသောက်မှုအတွက် ဖြစ်သည်။

ကိုယ့်ဗမာပြည်ဟု ဆိုရလင့်ကစား ကျွန်တော်တို့ရောက်ပေါက်ရန် စိတ် ကူးမျှ မထည့်ခဲ့ဖူးသော ဒေသဖြစ်၍ မြေပုံအရ အရှေ့စူးစူးသို့သာ လျှောက် ခဲ့ရလေသည်။

ပထမ နှစ်နာရီခန့်ခရီး၌ မြကြီးနေခဲ့ရန် ရွာအနီးသို့ ရောက်ကြ၍ သစ် တစ်ပင်အောက်တွင် ၃–ယောက်သား တစ်နာရီမျှနားပြီး မြကြီးကိုထားခဲ့ကာ မောင်နီနှင့်ကျွန်တော် ခရီးဆက်ခဲ့ကြသည်။

နေ့လယ် ၂–နာရီခန့်တွင် မောင်နီတာဝန်ကျသော ရွာသို့ ရောက်၏။ အဆင်သင့်ပင် ဘုန်းကြီးကျောင်းကို ကပ်မိ၍ ကျွန်တော်ပါ ထိုနေ့ခရီးမဆက် တော့ဘဲ ညအိပ်လိုက်တော့၏။

နံနက်လင်း၌ကား မောင်နီကို ခွဲခွာခဲ့ရပြီ။ ယခုတစ်ယောက်တည်းဖြစ် တော့ စိတ်အား ကိုယ်အား တစ်မျိုးငယ်လာသည်။ သို့သော် အဘယ်မှာ

mgyoe.com

mgyoe.com


တတ်နိုင်တော့အံ့နည်း။ ဖြစ်ချင်သလို ဖြစ်ပါစေတော့။

နံနက် ၁၀ နာရီခန့်အချိန်တွင် ကျွန်တော် တာဝန်ကျသော ရွာသို့ချဉ်းကပ်မိကာ ရွာပြင်ဘက် ထန်းခလက်တဲလေးတစ်ခုဒ္ဒ ထန်းရည် သောက်နေကြသော လူ ၄ ယောက်ကို တွေ့ရသည်နှင့် သူတို့ဆီသို့ သွားကာ ရေတစ်ခွက် လောက်သောက်ပါရစေဟု တောင်းမိသည်။ သူတို့အထဲ အလည်ဆုံးဖြစ်ဟန်ရှိသူက....

"ယော....ကျုပ်တို့တဲမှာ ဘယ်ရေရှိမလဲဗျ။ ကျုပ်တို့တောင် ထန်းရည်သောက်နေရတာ ကြည့်တော့၊ ခင်ဗျားလည်း သောက်ချင်ရင် ထန်းရည်ပဲ ရမှာပဲ" ဟုဆိုပြီး အုန်းမှုတ်ခြမ်း တစ်ခွက်ပြည့်ပြည့်ကြီး ခပ်ပေးလိုက်ပါသည်။ စစ်တပ်ထဲဒ္ဒ ရမ် သောက်နေသောကျွန်တော်သည် ရေဆာဆာနှင့် ခပ်သွက်သွက် သောက်ချလိုက်၏။

"အောင်မယ်...ကိုယ့်လူ တော်တော်ဆာနေတာပဲ၊ ကဲ–ရော့ နောက်တစ်ခွက် ကြိတ်လိုက်ဦး"

ကျွန်တော် သောက်လိုက်ပါသည်။ ပြီးလျှင် ကျွန်တော် သူတို့ အရိပ်အကဲကိုကြည့်၍....

"ခင်ဗျားတို့လည်း ခွက်လှည့်ကြပါဦးဗျာ၊ နောက်ဟာကို ကျွန်တော် ဒကာခံပါ့မယ်..."

"ကိုယ့်လူက ဘယ်က လာခဲ့တာလဲ"

ပထမလူကပင် မျက်တောင်ခပ်စင်းစင်းနှင့် မေးလိုက်၏။

"ပြောရတာပေါ့ဗျာ၊ သောက်ဖော်စားဘက်တွေ ဖြစ်နေမင့်ဟာ၊ ခွက်တစ်ပတ်လောက် လှည့်လိုက်ကြပါဦး"

သူတို့အားလုံးပင် ကျွန်တော့်ကို ထူးဆန်းသလို ကြည့်ကာ ကျွန်တော်ပြောသည့်အတိုင်းပင် ခွက်တစ်ပတ် လှည့်လိုက်၍ ကျွန်တော် တတိယမြောက်ခွက် သောက်ပြီးသောအခါတွင်....

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ကျွန်တော်လည်း အပေါင်းအသင်းနဲ့ အသောက်အစားတော့ တော်တော်ဝါသနာပါတယ်၊ ဒါကြောင့်လည်း ရှိတဲ့ပိုက်ဆံတွေ ရောက်လေရာမှာ ကုန်ခဲ့တာပဲ(မှူးသံနှင့်)၊ အခုကျွန်တော့်မှာ ပိုက်ဆံမပါဘူးခင်ဗျာ၊ ဒါပေမယ့် ပစ္စည်းလေးတော့ပါရဲ့၊ အဲဒါကို ခင်ဗျား

mgyoe.com

mgyoe.com
တို့ငွေဖြစ်အောင် လုပ်ပေးနိုင်မယ် ဆိုရင်ဖြင့် ကျွန်တော်တို့အားလုံး ဟန်ကျ ပန်ကျ ပျော်ရတာပေါ့ဗျာ"

"ခင်ဗျား ပါတဲ့ပစ္စည်းက ဘာပစ္စည်းလဲ"

တစ်ယောက်က မေးလိုက်၏။

"ဘိန်း...."

ကျွန်တော်က မဆိုင်းမတွပင်ဖြေလိုက်၏။

သူတို့အံ့အားသင့်သွားပြီးမှ

"ဟင်....ဘယ်လောက်များလဲ"

"အခု အိတ်ထဲ လွယ်လွယ်ပါခဲ့တာတော့ ဒါပဲ၊ တစ်နေရာမှာတော့ တော်တော်များများ ဝှက်ပစ်ခဲ့တယ်" ဟုဆိုပြီး အိတ်ထဲမှ ငါးကျပ်သား လောက်ရှိသည့် အထုပ်ကို ပေးလိုက်ပါသည်။ အကြောင်းမှာ ကျွန်တော် သည် ဤလူစုကိုမြင်၍ ဝင်ရောက်မိတ်ဖွဲ့တော့မည် ကြံကတည်းက စိတ်ထဲ မှာ စီစဉ်ပြီး ကိုယ်စလွယ်သိုင်းထဲကဖဲ့ထုတ်ထားခြင်း ဖြစ်ပါသည်။

ဘိန်းကို နားလည်ဟန်တူသူက သေသေချာချာ ကြည့်လျက်....

"တယ်ကောင်းတဲ့ ဘိန်းပဲဗျာ...."

"ကောင်းဆိုမပြောနဲ့ ပထမတန်းပဲ။ အဲဒါ ခင်ဗျားတို့သွားရောင်းချည် ဗျာ၊ ကျွန်တော်တို့ ပျော်ကြပါးကြရအောင်၊ ဈေးကိုက်ရင်လည်း ကျန်တဲ့ ဟာတွေကိုလည်း ရောင်းမယ်၊ ခင်ဗျားတို့လည်း ပွဲခရမယ်ပေါ့"

စင်စစ်မှာ ထိုအချိန်၌ သူတို့ဆီတွင် ဂျပန်ငွေနှင့် ဘိန်းဘယ်ဈေးရှိမှန်း ကျွန်တော်မသိပါ။

သူတို့အထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက....

"ကဲ–တုတ်ဖြိုး၊ မင်း ဘလှိုင်ကြီးဆီ သွားဟော့၊ ဘဟန် မင်းလည်း အဖော်လိုက်သွားကွာ"

သူတို့နှစ်ယောက်သွားရန်ဟန်ပြင်သောအခါ၌ ကျွန်တော်က

"အဲဒါ ရတဲ့ဈေးနဲ့ ရောင်းပြီး ဟင်းပါ ချက်စားရအောင် ကြက်ရရ ဘဲ ရရ ဝယ်ခဲ့ဗျာ"

ကျွန်တော်တို့သည် ထန်းရေ သောက်ရင်း ကျန်ခဲ့ကြသည်။ ကျွန်တော့် ခရီးစဉ်ကို မေးသောအခါ ကျွန်တော်သည် ပြည်မြို့မှ အဖော်နှစ်ယောက်နှင့်
mgyoe.com

.mgyoe.com

ကုန်ဖက်စပ်လုပ်ကာ လှေကြုံဖြင့် အထက်သို့ ဆန်ခဲ့ကြသည်။ မင်းဘူး မရောက်မီ ဆိပ်ကမ်းတစ်ခု၌ အချင်းချင်းစိတ်ဝမ်းကွဲကြ၍ ကျွန်တော်က ဘိန်းတွေဘုံးပြီး လစ်လာခဲ့သည်။ "ထန်းရည်မူး ကျွဲခိုးပေါ်" သဘောမျိုး ပြောပြသည်။ မြို့ကို တိုက်ရိုက်မသွားဘဲ ဤရွာသို့ သဝေထိုးလာခဲ့သည်မှာ မြို့အဝင်တွင် ဂျပန်က ဆီးရှာမှာ ကြောက်၍လည်းကောင်း၊ မြို့ထဲတွင် နောက်ရောက်လာမည့် အဖော်နှစ်ယောက်နှင့်တွေ့မှာစိုး၍လည်းကောင်း ရှောင်တိမ်းလာခြင်း ဖြစ်သည်ဟု ပြောရ၏။

ကျွန်တော်သည် ဝတ္ထုစာပေကိုဝါသနာပါသူမို့ ဤသို့လုပ်ဇာတ်ပြောနိုင်သည်ထင်ပါ၏။ သူတို့ကား ခေါင်းရှုပ်ခံပြီး စဉ်းစားလိုကြသူများမဟုတ်မူ၍ ကျွန်တော်ပြောသမျှ ယုံကြည်ကြဟန်တူပါ၏။ ကျွန်တော့်စိတ်ကူးမှာလည်း ဘိန်းတွေ ငွေလုပ်ပြီး ဟိုအဖော်တွေရန်ကြောက်လို့ဟုပြောလျက် သူတို့နှင့်ပေါင်းကာ ဤရွာမှနေ၍ ကိုယ့်တာဝန်ကို ဆောင်ရွက်တော့မည်။

တစ်နာရီမျှကြာလတ်သော် ကိုတုတ်ဖြိုးနှင့် ကိုဘဟန်တို့သည် ဘဲနှစ်ကောင်ကိုဆွဲ၍ ပြန်လာကြကာ ဘိန်းတစ်ကျပ်သားကို ၁၇ ကျပ်ဈေးနှင့် ရောင်းရာ ငွေ–၈၇ ကျပ်ခွဲရကြောင်းနှင့် ဘဲနှစ်ကောင်ဖိုးနုတ်ပြီး ၈၃ ကျပ်ပေးပါသည်။

"ဘကြီးလှိုင်က ဒီဈေးနဲ့ရရင် ကျန်တဲ့ဘိန်းတွေ အကုန်ယူမယ်တဲ့ဗျ" ဟု ကိုတုတ်ဖြိုးကပြောသည်၌ သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်သူ ကိုဖိုးစိန်က ကျွန်တော့်အား....

"ဘယ့်နှယ်လဲကိုယ့်လူ ရောင်းနိုင်ပါ့မလား"

"ဟာ....ကျွန်တော့် အခြေအနေက ခုနခင်ဗျားကို ပြောခဲ့တဲ့အတိုင်းပဲဗျ၊ ရတဲ့ဈေးနဲ့ ငွေဖြစ်အောင် လုပ်ရမှာပဲ"

"ဒါဖြင့် ညနေ ဘလှိုင်ကြီးဆီ စကားပြန်တာပေါ့"

ကိုတုတ်ဖြိုးက....

"နေ့လယ်လောက်မှာ ဘလှိုင်ကြီးကျုပ်တို့ထန်းတဲကို လျှောက်လာခဲ့မယ်တဲ့ဗျ"

"ဒီလိုဆိုရင်လည်း အဆင်ပြေတာပေါ့ဗျာ၊ အခုတို့မိတ်ဆွေကောင်းမှုနဲ့ စားပွဲထိုင်ကြစို့၊ ဒါထက် အခုနှယ် ဒီထန်းရည်တွေက မနိုပ်ဘူးဗျာ၊

mgyoe.com

mgyoe.com


အကျဉ်းလေး သုံးလိုက်ရရင်ကောင်းမယ်"

ကျွန်တော်က နားမလည်သည်နှင့်....

"အကျဉ်းဆိုတာ ဘာလဲဗျ"

"ချက်အရက်ကို ပြောတာပေါ့ကိုယ့်လူ၊ ဒါနားမလည်သေးဘူး၊ ဘယ် အရပ်သားများပါလိမ့် ဟား....ဟား....ဟား"

ဤတွင်မှ ကျွန်တော်က သံယောင်လိုက်၍....

"ဟုတ်ပါရဲ့ ဒီလိုဆို ခင်ဗျားတို့ရွာက တစ်ခါတည်း ဝယ်ခဲ့ပေါ့ဗျာ"

"အဲဒီရွာမှာ မရှိဘူးဗျ၊ ဂျပန်တွေနဲ့ သူကြီးက အရက်မချက်ရဘူး ပိတ်ပင်ထားလို့"

"နို့....ဘယ်မှာရမယ်တုံး"

"ဟိုဘက်က ပန်းပင်ကြီးစုရွာမှာတော့ ရပါတယ်"

မြောက်ဘက်ဆီ၌ တစ်မိုင်ခန့်ဝေးမည့်ရွာကို ညွှန်ပြပါသည်။

"ဒါဖြင့် သွားနိုင်ရင် သွားချေကြပါဗျာ၊ ကျွန်တော်ကတော့ ငွေထုတ် ပေးဖို့ အဆင်သင့်ပဲ"

"ဟာ ဒီလိုဆို ဘဟန်က ဒီခရီးနဲ့ဒီခရီး နီးရပါမို့လား။ သူ့ခြေထောက် ဂုဏ်သရေထိခိုက်တယ်လို့တောင် ပြောနေရော့မယ်၊ ကဲ–ကိုသာမြတ်နဲ့ ဘဟန် ဟင်းချက်နဲ့ခရီးသွား ဘယ်သူက မြန်သလဲ ပြိုင်ကြရအောင်"

အကြောင်းမှာ တဲရှင်ကိုသာမြတ်သည် ဘဲမွေးနုတ်ရန် ရေနွေးအိုးကို ကြိုလျက်ရှိပြီကိုး။

"ကိုသာမြတ်ကလည်း ဟင်းချက်တဲ့နေရာမှာ မြန်ပါပေ့ဗျာ" ဟု ကိုဖိုး စိန်က စကားဆက်သည်။

"ကြက်ဆိုရင် အရေဆုတ်လို့ရတော့ နာရီဝက်ပဲ အခုဆိုဘဲတော့ အမွေး နုတ်ရတာနဲ့ ၄၅ မိနစ်လောက်တော့ ကြာမယ်"

ကိုဖိုးစိန် ချီးမွမ်းမည်ဆိုလည်း ကိုဘဟန်၊ ကိုသာမြတ်တို့ကို ချီးမွမ်း စရာပါပေ။ အကြောင်းမှာ နောက်တစ်နာရီမကြာမီ ကျွန်တော်တို့သည် ဝမ်းဘဲသား ကာလသားချက်နှင့် ချက်အရက်နှင့် စားပွဲထိုင်ကြပါလေသည်။

ကိုသာမြတ် ဝမ်းဘဲသားဟင်း ချက်ရသည်မှာ ရေအစား ထန်းရည်နှင့် ချက်သည်မို့ အနူးလည်းမြန်၏။ တစ်မျိုးတစ်ဖုံလည်း ပို၍စားကောင်း၏။

mgyoe.com

mgyoe.com


ကျွန်တော်သည် မူးမည်စိုး၍ ချက်အရက်ကို နှစ်ခွက်ထက်ပို၍ မသောက်ဝံ့ချေ။ ခရီးပန်း ဝမ်းချုပ်နေလို့ဟုဆိုကာ ထန်းရည်အနည်းငယ်နှင့် ဝမ်းဘဲသားဟင်းသာ နံနက်စာအဖြစ် စားသောက်လိုက်ပါသည်။ သူတို့ကား ဝမ်းဘဲနှစ်ကောင်နှင့် ချက်အရက် ၃ ပုလင်း တက်တက် ပြောင်သည်၌ ထန်းရည်တဲတွင် တစ်ယောက်ပေါင်တစ်ယောက် ခေါင်းအုံး၍ စက်တော်ခေါ်ကြကုန်သတည်း။ သူတို့၏ အကြီးဆုံးသော စည်းစိမ်ပါပေ။

ညနေ ၄ နာရီလောက်အချိန်တွင် ဘလိုင်ကြီးဆိုသူ တရုတ်တစ်ယောက်နှင့် သူ့အဖော်တစ်ဦးရောက်လာ၍ ကျွန်တော်က ကိုယ်ထဲတွင် အသင့်ထားသောဘိန်းကို ထုတ်ပြလိုက်သည်။ ဘိန်းကို သဘောကျ၍ ဝယ်မည်ဆိုပြီး ငွေယူရန် ပြန်သွားသည်။

ကျွန်တော် ငွေ ၁၅၀၀ ကျော်ရလိမ့်မည်။

သို့သော် တစ်နာရီမျှ အကြာတွင် ဘလိုင်ကြီး ပြန်မလာဘဲ သူကြီးနှင့် အဖော်နှစ်ယောက် သေနတ်နှင့် ရောက်လာကာ ကျွန်တော့်ကို ဘိန်းရှာလေသည်။

တော်ပါသေး၏။

ကျွန်တော်သည် ဘိန်းကို ကိုယ်ထဲပြန်မသွင်းဘဲ ခေါင်းအုံးဝါးခြမ်းအောက်၌ ထားသောကြောင့် သူတို့လိုချင်သောပစ္စည်းကို လွယ်ကူစွာတွေ့သွား၍ ကိစ္စပြီးသွားသည်။ အကယ်၍သာ ကိုယ်ထဲမှာ အရှာခံရပါက ပေါင်၌ချည်ထားသော ခြောက်လုံးပြူးပါ မိသွားချေမည်။ ထိုအခါ အသစ်စက်စက် အင်္ဂလိပ်စစ်သုံး ခြောက်လုံးပြူးနှင့် ကျွန်တော်တို့ဇာတ်လမ်းသည် ဤမျှနှင့်ပင် အဆုံးသတ်သွားချေတော့မည်။

× × × ×

နံနက်မိုးသောက် အရုဏ်ရောက်လေပြီ။

ကျွန်တော်သည် သူကြီးအိမ်အောက် အချုပ်ခန်းထဲ၌ လမ်းလျှောက်ရင်း နောက်ဆုံး ဆုံးဖြတ်ချက်ကို ချလိုက်ရလေသည်။

ညအချိန်က အချုပ်ခန်းကို ဖောက်ပြေးရန် ကြံပါသေး၏။ သို့ရာတွင် သစ်သားမြေစိုက်တဲနှင့် ဂျပန်နည်းအရ လုပ်ထားသော နံရံမှာ ခိုင်မြဲလှ

mgyoe.com

သည်။

အပေါက် သော့ခတ်သော သံကြိုးမှာလည်း ဆင်ချည်သောကြိုး။

သူကြီးစကားအရဆိုလျှင် ကျွန်တော့်ကို ယခုမနက် ဘိန်းနှင့်တကွ ဂျပန်ဆီပို့မည်။ ယင်း၌ကျွန်တော်စဉ်းစား၏။ ဘိန်းမှုသာဖြစ်မည်မဟုတ်။ ဤဘိန်းကို နားလည်သောသူ ကြည့်ရှုပါက အိန္ဒိယဘိန်းမှန်းသိမည်။

ထိုအချိန်မျိုး၌ အဘယ်နည်းနှင့် အိန္ဒိယက ရောက်လာသနည်း။ ကျွန်တော့်ကို စစ်ဆေးအံ့၊ ကျွန်တော့်ကိုယ်ကို သေချာစွာ ကြည့်ရှုပါသော် အင်္ဂလိပ်စစ်သားတစ်ယောက်ဖြစ်ကြောင်းကို ဒူးအထိ အမြဲတမ်း ခြေပတ်ပတ်လေ့ရှိသော ခြေသလုံးက သက်သေခံ ပေလိမ့်မည်။ ဤတွင် ကျွန်တော့်အား စပိုင်မှတစ်ပါး အခြားယုံမှားစရာ မရှိတော့ပြီ။

ထို့ကြောင့် မိမိကိုယ်ကို သေလူထားပြီး အောက်ပါအတိုင်း ပြုမူလိုက်ရပါတော့၏။

နံနက်မိုးလင်း၌ သူကြီးသည် သော့ကိုဖွင့်၍ ကျွန်တော့်ဆီဝင်လာလျှင် လာချင်း အသင့်ပြင်ထားသော ခြောက်လုံးပြူးနှင့် သူ့ရင်ဘတ်တေ့ကာ ခပ်အုပ်အုပ်အသံဖြင့်....

“သူကြီး အသက်မသေချင်မအော်နဲ့၊ မလှုပ်နဲ့၊ ကျုပ်က သာမန်ဘိန်းရောင်းရအောင် လာတဲ့လူမဟုတ်ဘူး။ အိန္ဒိယက လေထီးနဲ့ ဆင်းခဲ့တဲ့ အင်္ဂလိပ်စပိုင်ပဲ၊ ကျုပ်မျက်နှာ သေသေချာချာကြည့်စမ်း”

ယခုမနက်၌ ကျွန်တော်သည် မနေ့ကလို တောသားနှင့်တူအောင် ဦးခေါင်းကို နဖူးထိ တဘက် ပတ်ထားသည် မဟုတ်တော့ဘဲ အင်္ဂလိပ် ဆံတောက်ခွေကောက်ကောက်နှင့် စစ်သားတစ်ယောက်မျက်နှာကို ဖော်ပြလျက်ရှိလေပြီ။

သူကြီး အံ့အားသင့် နေစဉ်မှာပင် ကျွန်တော်က ဆက်လက်၍....

“ခုအချိန် သူကြီးအသက် ကျုပ်လက်ထဲမှာ ရှိတယ်ဆိုတာ ယုံပါ။ ကျုပ်က သေလူပဲ၊ သို့သော် ကျုပ် သူကြီးအသက်ကို ရန်မရှာလိုပါဘူး။ နှစ်ဖက်ကောင်းကျိုးအတွက် ဆွေးနွေးလိုပါတယ်။ လာဗျာ ဒီကွပ်ပျစ်ပေါ်မှာ နှစ်ယောက် ယှဉ်ထိုင်ကြရအောင်”

သူကြီးသည် ကျွန်တော့်စကားကို လိုက်နာရသည်နှင့် အချုပ်ခန်းထဲရှိ

mgyoe.com

mgyoe.com


ကျွန်တော် ညကအိပ်ရသော ကွပ်ပျစ်ပေါ်တွင် နှစ်ယောက်ယှဉ်ထိုင်ကြသည်။

ကျွန်တော်သည် နံဘေးက လူလာလျှင် မမြင်ရအောင် သေနတ်ကို ကျွန်တော့်အကျီထဲထားပြီး သူကြီးနံဘေးထောက်လျက်....

အမှန်ပြောရရင် အခုမနက် သူကြီးက ကျုပ်ကို ဂျပန်လက်အပ်လိုက်သည့်တိုင်အောင် သူကြီးအတွက် နောက်ထပ်ရန်မအေးဘူး။ ဘာပြုလို့လဲ ဆိုရင် ညကပဲ ကျုပ် ဟောဒီဓာတ်ခွက်နဲ့ (ကျွန်တော့်လက်တွင်ပတ်ထားသော ပုံကြီးကြီးမှန်ထူထူ ညကြည့်ဒိုင်ခွက် မည်းနက်နက်နှင့် အကြမ်းခံနာရီကို ပြ၍) သူကြီးက ကျုပ်ကို ဖမ်းထားကြောင်း ကျုပ်ကထပ်ပြီး စကားမပြောနိုင်ရင် ကျုပ်ကို ဂျပန်ထံ အအပ်ခံရပြီ၊ သို့မဟုတ် ကျုပ်သေပြီလို့ ယူဆပြီး သူကြီးတရွာလုံးကို ဖွတ်ဖွတ်ညက်ညက်ကျေအောင် ဗုံးကြဲ စက်သေနတ်ပစ်ပြီသာမှတ်ပေရော့၊ စစ်တပ်မှာ စပိုင်တစ်ယောက်ဟာ ဘယ်လောက် အရေးကြီးသလဲဆိုတာ သူကြီးသိမှာပေါ့"

သူကြီး၏မျက်နှာကဲကို ကျွန်တော် ခတ်ပါသည်။ သူကြီးသည် ကျွန်တော့်စကားကို အဟုတ်ယုံကြည်ကာ.....

"ဒါဖြင့် မောင်ရင့်ကို ကျုပ် လွှတ်လိုက်ရင် ကိစ္စအေးမယ်လား...."

ကျွန်တော် ခေတ္တမျှ စဉ်းစားပါသည်။ ချက်ချင်းပင် စိတ်ကူးပေါက်လာသည်နှင့်....

"လွှတ်ရုံတွင်မဟုတ်ဘူး ကျွန်တော့် တာဝန်အတွက်ရော၊ နောင် သူကြီးကောင်းကျိုး အတွက်ရော၊ ကျွန်တော့်ကို ကူညီပါ"

"ဘယ်လို ကူညီရမလဲ"

"ဘယ်လိုလဲ ဆိုတာကတော့ အေးအေးဆေးဆေး လုပ်ငန်းကြီးပြီးမှ စဉ်းစားရလိမ့်မယ်၊ ခုလောလောဆယ်မှာတော့ သူကြီးက ကျွန်တော့်ကို တူသားအဖြစ်နဲ့ သူကြီးအိမ်မှာထားစေချင်တယ်၊ ကျွန်တော့်ဟိုပစ္စည်းတွေလည်း သူကြီးပဲ ယူပါ" ဟု ဆိုကာ ခေတ္တစကားဖြတ်လိုက်ပြီးမှ သူကြီးလက်ကို ရင်းရင်းနှီးနှီး ဖျစ်ကိုင်လိုက်ကာ လေသံပြောင်းလျက်....

"ဒီမှာဦး၊ ဂျပန်တွေ ဗမာပြည်မှာ အခြေမမြဲဘူး၊ မကြာမီ အင်္ဂလိပ်ပြန်လာလိမ့်မယ်ဆိုတာ ယုံရဲ့လား"

ထိုစဉ်၌ ဂျပန်များ ဗမာပြည်ရောက်သည်မှာ ဒုတိယမြောက်နှစ်ဖြစ်၍

mgyoe.com

mgyoe.com

"ဂျပန်စိုးစံ နှစ်မိုးခံ" ဟူသော တပေါင်လိုလို စကားပင်ပေါ်ကာ မြန်မာများ ဂျပန်ကို အော့ကြော လန်နေပေပြီ။ အထက်မြန်မာပြည်၌ မြစ်ဖျားဒေသမှာလည်း ဝင်းဂိတ် အမှူးပြုသော လေထီးပြောက်ကျားများ ဆင်းလျက်ရှိကြောင်း သတင်းဖြန့်နေလေပြီ။

ကျွန်တော်သည် သူကြီး၏ မျက်နှာကဲကိုခပ်၍ ကျွန်တော်စကားကို အနူးအညွတ် လက်ခံပုံပေါ်သည်၌....

"ကဲ...ဒီမှာဦး၊ အင်္ဂလိပ်ပြန်လာတဲ့အခါမှာ ဦးကိုဂုဏ်ထူးဆောင်လက်မှတ်နဲ့ ငွေစလွယ်ရ သူကြီးဖြစ်အောင် ကျွန်တော်တာဝန်ယူတယ်ဗျာ၊ ကျွန်တော်တို့ကိုကူညီပါ ဟုတ်လား၊ ကူညီမယ်ဆိုရင် ကျွန်တော်ခုညပဲ ဦးနာမည်ကိုရဲဘက်တော်ကြီးအဖြစ် မှတ်ပုံတင်ကို ဟောဒီဓာတ်ခွက်ကနေပြီး ကျွန်တော် သက်ဆိုင်ရာကို ပြောလိုက်ပါ့မယ်"

× × ×

နောက်တစ်ရက် နှစ်ရက်အတွင်း၌ ကျွန်တော်သည် ပြည်မြို့မှ အိမ်ဖိုးကျ၍ ပြေးလာခဲ့သော သူကြီး၏တူကလေး မောင်လှအောင်ဖြစ်သွားလေသည်။

ကျွန်တော်နှင့် ဘိန်းအကြောင်းကို သိထားကြသော ဘလှိုင်ကြီး၊ ကိုစိန်ဖိုး၊ ကိုတုတ်ဖြိုး စသည်တို့ကိုမူ သူကြီးသြဇာနှင့်လည်းကောင်း၊ ကျွန်တော့်ဘိန်းတွေ ရောင်းချရသောငွေနှင့် ၎င်းတို့ အထိုက်အလိုက် ပိတ်ဆို့ထားလိုက်ပါသည်။ စင်စစ်သူတို့သည် ကျွန်တော်၏ မူမှန်ကိုမသိကြပါ။ သူကြီးပြောကြားချက်အရ သူကြီးသည် ကျွန်တော့်ကို ပြည်မြို့မှ အစ်ကိုဝမ်းကွဲ၏သားမှန်း သိသည်နှင့် အမှုမလုပ်တော့ဘဲ အိမ်ခေါ်ထားခြင်းဖြစ်သည်ဟု ယုံကြည်ကြကုန်၏။

ထိုမှတစ်ဆင့် ကျွန်တော့်အတွက် အခွင့်အရေးကောင်း ဖန်လာသည်ကား သူကြီးတွင် သမီးချော ရှိသည်နှင့် ရွာတောင်ဘက်၌ ယခုပြုလုပ်ဆဲ လေယာဉ်ကွင်းမှ ဂျပန်ဂေါင်နဲများ နေ့စဉ်လိုပင် သူကြီးအိမ်သို့လာတတ်ပေရာ ကျွန်တော့်ကို ယောက်ဖလောင်းအဖြစ် ပလဲနံပသင့်ကြလေသည်။ သူတို့ လေယာဉ်ကွင်းသို့ပင် လိုက်လည်ခွင့်ရလေသည်။
mgyoe.com

mgyoe.com


ဤသို့လျှင် ဟန်ရပန်ရ သီတင်းနှစ်ပတ်နေပြီး လတ်သော် ဂျပန်လေယာဉ်ကွင်း အခြေအနေကိုလည်း အတော်အတန် သိပြီးသည်နှင့် သူကြီးအား ဂျပန်များ ကျွန်တော့်ကို မေးလျှင် ညဥ့်အိပ်ညဥ့်နေ ခရီးရက်ရှည်လွှတ်လိုက်ကြောင်းပြောရန် မှာကြားခဲ့ပြီး မောင်နီကျန်ခဲ့သောရွာသို့ ပြန်ခဲ့လေသည်။

**မောင်နီ**

ကိုယ့်လူ မည်သို့ အခြေရှိနေမည်နည်း။

မောင်နီကား လူလည်လူမွတ်ဖြစ်လေသည်။ အကြောင်းမှာ ကျွန်တော်သူ့အရိပ်အခြေ ကြည့်ရင်း ရွာရိုးလျှောက်ခဲ့ရာ ရွာလယ်လောက်ရှိ မသာအိမ်မဏ္ဍပ်ထဲ၌ ဖဲရိုက်နေသည်ကို တွေ့ရလေသည်။

ဖဲရိုက်သည်မှာ သူက ကိုးမီးလက်သယ်ကိုင်လို့။ သူ့ရှေ့တွင် ငွေတွေလည်း တစ်ပုံကြီးပင်။ သူ့ကိုယ်မှာလည်း ပိုးလုံချည်နှင့် သက္ကလတ် အပေါ်ဖုံးအကျီနှင့်။

ကျွန်တော်က ယောင်ယောင်ကန်းကန်းနှင့် ဝိုင်းရှေ့မတ်တတ်ရပ်လိုက်ရာ သူသည် ကျွန်တော့်ကိုမြင်သည်တွင် မည်သို့မှုဏ္ဍေမပျက်ဘဲ ဖဲဝိုင်းတွင် တွေ့နေကျ ကစားဖော် တစ်ယောက်ကဲ့သို့....

"ဟေ့ သူငယ်ချင်း၊ ဘယ်တုန်းက ရောက်လဲကွ၊ လာကွာ၊ ကိုယ့်နောက်က ဒိုင်စား စားဟေ့၊ ငါဖဲကောင်း နေတယ်ကွ" ဟုဆိုပြီး သူဖဲဝေတော့သည်။

ကျွန်တော်သည် အလိုက်သိစွာ သူ့နောက် သွားထိုင်သည်။

သူသည် ဖဲဝေရင်း "ထိုးကြ–ထိုးကြ၊ သုံးချပ်မပြည့်ခင်ထိုးနိုင်တယ်" ဟု ဆိုပြီး ကျွန်တော့်အား "သူငယ်ချင်း ဒီမှာ ကစားရတာ ထိုးသားသိပ်မမြိုင်ဘူးကွာ၊ ကစားရတာတယ်အားမရဘူး၊ ဘယ့်နှယ်လဲကွာဟိုရွာက မင်းလူတွေ ပြောခဲ့ပြီလား၊ ဒါကြောင့် ငါ့လာခေါ်တာမှတ်လား၊ နေဦးကွာ– ဒီမှာလက်စနဲ့ သုံးလက်လောက် ကစားလိုက်ဦးမယ်"

ထို့နောက် ကစားဝိုင်းမှလူများအား "ကဲ–ကိုယ့်လူတို့ ထိုးကြ ထိုးကြ၊ ကျပ်နောက်ထပ်သုံးလက်ပဲကစားမယ်၊ ဟိုရွာက ချိန်းဝိုင်းကို လိုက်သွားရ

mgyoe.com

mgyoe.com
ဦးမယ်၊ ဟိုမှာက ထောင်ကိုးရာအရှုံးအနိုင်ကစားနိုင်တာဗျ"

မောင်နီကား ကစားသမားဟန်ပါလှပေသည်။ သူပြောသည့် အတိုင်းပင် သုံးလက်အပြီး၌ ဝိုင်းသိမ်းလိုက်ကာ ကျွန်တော်နှင့်အတူ ထခဲ့သည်။

လူရိပ်လူခြည်လစ်သောအခါ၌ ကျွန်တော်က....

"ဘယ့်နှယ်လဲ မောင်နီ...မင်းအခြေအနေက"

"ငါက အခုဒီမှာ နာမည်ရ ကစားသမားကြီး ဖြစ်နေတာပေါ့....."

"မင်းဘိန်းတွေ ရောင်းရပြီလား"

"အဲဒါတွေရောင်းရလို့ ငွေပိုက် ကစားနိုင်တာပေါ့၊ အောင်မယ် ငါက ထပ်ဖဲလေး–လျှော်ဖဲလေးတတ်ထားတော့ ဒီကငနဲတွေ အမဲချည်းပဲကွ၊ ငါတော်တော်နိုင်နေတယ်"

"နို့– မင်းနေတော့ကော"

"ငါ့အိမ်နဲ့ ငါလေကွာ၊ ငါအခု မိန်းမရနေတယ်"

ကျွန်တော် အံ့အားသင့်ကာ...

"ဟေ...."

"မဟေနဲ့၊ မင်းအခု ငါ့အိမ်ရောက်ရင် ငါ့မိန်းမ တွေ့ရမှာပဲ"

"မြန်–မြန်လှချည်လား"

"မြန်ဆို ငါရောက်လို့ ၆ ရက်အကြာမှာ ညားကြတာပဲ"

"ဟယ် ဘယ်လိုအမျိုးအစားပါလိမ့်"

"အမျိုးအစားကတော့ မေးမနေနဲ့ မုဆိုးမ အရပ်ပျက်ကွ၊ ငါနဲ့ ဖဲဝိုင်းမှာတွေ့တာပဲ။ ငါကလည်း ငွေဖောဖော၊ သူကလည်း ငါ့ကို ချူတဲ့သဘောနဲ့ မဆိုင်းခဏပင် ကြံစည်လိုက်ကြတာပါပဲကွာ။ အရပ်ကတော့ ငါတို့ကို ဝရမ်းပြေးနဲ့ဖာသည် ဇရပ်ပေါ်မှာတွေ့ကြသလို သဘောထားတာပဲကွ၊ ငါ့အဖို့တော့ ဘာအရေးကြီးလဲ၊ ငွေနဲ့ကြေးနဲ့၊ အိမ်နဲ့ မိန်းမနဲ့"

"ဘာလဲ မင်းမိန်းမက အိမ်နဲ့ယာနဲ့ အဆင်သင့်လား"

"မုဆိုးမပဲ အိမ်တစ်လုံးမှာ သူတစ်ယောက်တည်းနေတော့ သူတို့အရပ်သုံးစကားပြောရရင် "တက္ကစီ" ခေါ်တာပေါ့ကွာ၊ ရုပ်မခေဘူးမောင်၊ အကျင့်မကောင်းလို့သာ လင်ကောင်းသားကောင်းမရတာတဲ့၊ သူတို့ရွာကပြောကြတယ်။ ငါ့အဖို့တော့ အလုပ်တာဝန်နဲ့ နေဖို့အိမ်လိုနေတာ မယား

mgyoe.com

mgyoe.com

ပါရတယ်ဆိုတော့"

"တော်တော်ဇိမ်ကျတဲ့ကောင်" ဟု ကျွန်တော့် စိတ်ထဲက ချီးကျူးလိုက်ပါသည်။ သူ့မိန်းမမှာ သူပြောသည့် အတိုင်းပင် ရုပ်မခေပေ။ ရုပ်နှင့်နာမည်နှင့်လည်း ကိုက်ညီလှပါ၏။

"မနီတုတ်ရေ...."

သက်ငယ်မိုးထရံကာ သုံးပင်အိမ်ကလေး လှေကားအတက်တွင် မောင်နီက ခေါ်လိုက်ရာမှ "ရှင်...." ဟု ထူးသံနှင့်အတူ အသားရောင်နီစပ်စပ် ကိုယ်ထည်တုတ်တုတ်နှင့် အသက်အစိတ်မျှရှိ မိန်းမတစ်ယောက်ထွက်လာပါသည်။

ဩော်– မောင်နီနှင့် မနီတုတ်

"ဟော့– ရှင်မရေ..."

မောင်နီမှာ မုံရွာသားပီပီ အညာသံပါသည်။

"ဟောဒီမှာ...ဟိုရွာက ငါ့သူငယ်ချင်း ရောက်လာတယ်ကွ၊ ထမင်းကျွေးရအောင် ဟော့....၊ ဟင်းရာလေး ဘာလေးသွားဝယ်ချေပါကွာ၊ ရော့ ဟော့...ကိုယ်ဒီနေ့ ငွေ ၉၀ လောက် နိုင်ခဲ့သေးတယ်ဆရာ"

မနီတုတ်က ငွေများကို ရေတွက် မနေတော့ဘဲ ပြုံးပြုံးရွှင်ရွှင်နှင့် ရှင်မီးအင်္ကျီအိတ် ဗိုက်ခေါက်ထဲ ထိုးလိုက်ပါသည်။

ဩော်....သူတို့အိမ်ထောင်ရေး တယ်သာယာနေပေ့လေ။

မနီတုတ် ဆင်းသွားသောအခါ၌ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောကြပါသည်။ ကျွန်တော့်အကြောင်းစုံ ပြောပြီးသောအခါတွင် မောင်နီက...

"ဒါဖြင့် ငါဒီအကြောင်းကို မြကြီးဆီသွားပြောရမယ် ဟုတ်လား။ မင်းညနေ ပြန်ပေရော့"

"မဟုတ်သေးပါဘူးကွာ၊ ငါရော မင်းရော မြကြီးရော မျက်နှာစုံညီ မစွတာဘတ်ဆီ တစ်ခေါက်တစ်ခါတော့ ပြန်ရောက်ဖို့ သင့်တယ်ထင်တယ်ကွ။ မင်းညအိပ်ခရီးမသွားနိုင်ဘူးလား"

"ငါကတော့ ဘာမသွားနိုင်စရာရှိသလဲကွ၊ ငါ့ကိုယ်ငါ နယ်လှည့် ကစားသမားလို့ ပြောထားတာပဲ၊ ဝိုင်းကောင်းမယ့်နေရာကို မင်းလာခေါ်လို့ဆိုပြီး
mgyoe.com

mgyoe.com


သွားကြရုံပေါ့ကွ"

"ဒါဖြင့် အိုကေပေါ့ကွာ"

ထိုနေ့ နံနက်စာစားပြီးသောအခါ၌ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။

မြကြီး

ဟွိုး....မြကြီးကျတော့ ရှော်ပေါ့ဗျာ....

အကြောင်းမှာ ကျွန်တော်တို့သည် မြကြီးအား ရွာထဲတွင် ရေထမ်းနေသည်ကို တွေ့ရလေရာ....

"ဟေ့ မြကြီး...ဘယ့်နှယ်လဲ မင်းအခြေအနေက"

"ငါ အခု ပါနီဝါလား လုပ်စားနေရတယ်ကွ"

"ဟုတ်ပေ့ကွာ၊ နို့မင်းဟိုဒင်းတွေကော မရောင်းရသေးဘူးလား"

"ဟာ ရောင်းလို့ ဘယ်ဖြစ်မလဲကွ၊ ရှိတယ်တောင် မပြောဝံ့ဘူး။ မတော်မတဲ့ ပေါ်သွားမှဖြင့်"

"နို့...ဘယ်မှာထားလဲ"

"တစ်နေရာမှာမြှုပ်ထားတယ်"

"ကဲ...မင်းနေတော့ကော"

"ဟိုရွာ အပြင်က တဲကလေးမှာ ယာစောင့်အဘိုးကြီးတစ်ယောက်နဲ့ ကပ်နေရတာ"

"တော်ပေ့ကွာ"

သူ့ရေထမ်းဆိုင်းကိုကြည့်၍ "ဒါအဘိုးကြီးသံပုံးတွေ ဆိုပါတော့"

"အေး...."

ကျွန်တော်တို့သည် သူနှင့်အတူ ရေတွင်းဆီသို့ လမ်းလျှောက်ရင်း စကားပြောခဲ့ကြသည်။

"ကဲ မင်း ရေထမ်းဆိုင်းကြီးချပါဦးကွာ၊ တစ်နေရာရာ သွားစကားပြောရအောင်"

"နေဦးကွ၊ ငါဟိုအိမ်ကြီးကို တစ်နေ့ ၅ ထမ်း ပေးရတာ ၃ ထမ်းလိုနေသေးတယ်"

ဤတွင် မောင်နီက....

mgyoe.com

mgyoe.com

"ဟော့ မောရစ်ရေ...ဒီအတိုင်းဆို မဖြစ်ဘူးကွ၊ တော်ကြာ မင်းနဲ့ငါပါ ကူထမ်းပေးနေရမယ့် အပေါက်၊ တို့တစ်နေရာရာသွားနေကြစို့ကွာ"

"အေး....မင်းတို့ရွာအပြင်ဘက် ထွက်နေကြကွာ၊ ငါကိစ္စပြီးတော့ လာခဲ့မယ်၊ တာဝန်ဆိုတာ သဏ္ဌာန်လုပ် သရုပ်နဲ့တူအောင် ဣန္ဒြေမပျက် လုပ်ရမယ်ကွ"

သူပြောသည့်စကားလည်း ဟုတ်ပေသည်။

ထိုည၌ ကျွန်တော်တို့သည် မြကြီး၏ အဘိုးကြီးတဲ၌ ဝယ်ခြမ်းချက်ပြုတ် စားသောက်ကာ အိပ်ကြ၏။

မြကြီးသည် ထိုအဘိုးကြီးအား သူတို့ရွာ၌ ဂျပန်ချွေးတပ်တွေ လိုက်ဆွဲနေ၍ ရှောင်တိမ်းလာခဲ့သည်ဟု ပြောထား၏။ ထိုအချိန်၌ မြို့ဆင်ခြေဖုံးရွာများတွင် ဂျပန်ချွေးတပ်ဆွဲသော သတင်းမှာ မြို့နှင့်ကွာသော တောရွာများအထိ လွင့်ပါလျက်ရှိ၏။

အဘိုးကြီးသည် မြကြီးအား သနားကာ ရေထမ်းရောင်းစားရန် စီမံပေး၏။ အဘိုးကြီးကိုယ်တိုင်ကား သူများယာအငှားစောင့်ရင်း တောင်း၊ ပလုံး၊ ဆန်ကော၊ ဆန်ကာ ရက်လုပ်စားသောက်ရ၏။ မြကြီးကို သားတစ်ယောက်ကဲ့သို့ ချစ်ခင်သည်ဟု ပြော၏။

ကျွန်တော်တို့သည် မြကြီးတို့ရွာက လူများအဖြစ်နှင့် ခရီးကြုံတည်းခိုကြောင်း ပြောကာ မနက်ဖြန်ခါ မြကြီးကို ခေတ္တခေါ်သွားရန် ခွင့်ပန်ရသေးသည်။

နောက်တစ်နေ့နံနက် ၉ နာရီ၌ ကျွန်တော်တို့သည် မစ္စတာဘတ်ဆီသို့ ရောက်ခဲ့ကြလေ၏။ ဤအချိန်တွင် မစ္စတာဘတ်မှာ တစ်ယောက်တည်း မဟုတ်တော့ဘဲ အခြားလက်ထောက်အရာရှိတစ်ဦးနှင့် ထမင်းချက် စားပွဲထိုးတစ်ယောက် ရှိနေလေပြီ။ ထိုနေရာမှ အိန္ဒိယပြည်ရှိ တပ်ရင်းသို့ မစ္စတာဘတ်သည် လိုချင်သောအရာကို နေ့အချိန်မှာလျှင် ညအချိန်တွင် လေထီးနှင့် လာချပေး၏။

ကျွန်တော်တို့ အသီးသီး၏ အခြေအနေကို ပြောပြသောအခါတွင် မစ္စတာဘတ်သည် မြကြီးအား ရိုးသားခြင်းဖြင့်လည်းကောင်း၊ မောင်နီအား လူရည်လည်ခြင်းဖြင့်လည်းကောင်း၊ တာဝန်ကြီးနှင့် ပိပိရိရိ နေနိုင်ကြပါပေ

mgyoe.com

mgyoe.com


သည်ဟု ချိုးမွမ်း၍ ကျွန်တော့်ကိုမူကား မောင်နီကဲ့သို့ မလည်ပတ်သော်လည်း အခက်အခဲတွင် စဉ်းစားဆုံးဖြတ်နိုင်ခြင်းနှင့် သတ္တိရှိပါပေသည်ဟု ပြောကြား၏။

ထိုအချိန်၌ ကျွန်တော် မစ္စတာဘတ်ကို အစီရင်ခံနိုင်သည်မှာ (၁) ဂျပန်လေယာဉ်ကွင်းသည် ပြီးတော့မည်။ (၂) မျက်နှာဖြူစစ်သား ၅၀ ကျော်ကို သုံ့ပန်းအဖြစ်နှင့် ခိုင်းစေထားသည်မှာ ဟုတ်မှန်သည်။ (၃) ထိုလေယာဉ်ကွင်း၌ ဂျပန်စစ်သား ၂၀ နှင့် အရာရှိကြီးငယ် သုံးယောက်ရှိသည်။ (၄) လေယာဉ်ကွင်း အလုပ်သမားများမှာ နေ့စား ဗမာကူလီများဖြစ်သည်။

မစ္စတာဘတ်က ကျွန်တော့်ကို အမိန့်ပေးလိုက်သည်မှာ ဖြစ်နိုင်လျှင် ဤလေယာဉ်ကွင်းတွင် ဂျပန်အရာရှိတွေနှင့် ပူးတွဲနေနိုင်သော အလုပ်တစ်ခုကို ရအောင်ကြိုးစား၍ သူတို့နှင့် ရင်းနှီးခင်မင်အောင် ပေါင်းရမည်။ သူတို့လေယာဉ်ကွင်းမှာ လေယာဉ်ဆင်းနိုင်မည့်ရက်ကိုအတိအကျ ပြောနိုင်ရမည်တို့ ဖြစ်ပါသည်။

× × ×

ကျွန်တော့်အဖို့၌ ဂျပန်တွေနှင့် ရင်းနှီးရန်လည်းကောင်း၊ သူတို့ဆီမှာ အလုပ်ရရန်လည်းကောင်း မခဲယဉ်းပါချေ။

အကြောင်းမှာ ကျွန်တော့်နှမဟု အခေါ်အဝေ ရောက်နေသော သူကြီးသမီးချော "မမြတင်" ကို လိုချင်နေသည့် အသက်အစိတ်ခန့်ရှိ ဂျပန်စစ်ဗိုလ်လေး 'ယာမာရှီးတား'သည် ကျွန်တော့်ကိုချော့ပေါင်းနေသူဖြစ်ပါ၏။ သူတို့အထဲက အကြီးဆုံး "မစ္စတာအောစကား" မှုကျွန်တော်က သူ့ကို မကြာခဏ ကြက်နှင့် ကြက်ဥများ လက်ဆောင်ပေးသောကြောင့် ခင်မင်နေ၏။

အချို့ဂျပန်စစ်သားများကိုမူ ကျွန်တော်က အရက်တိုက်၍ ပေါင်း၏။ ထိုအချိန်၌ ကျွန်တော့်တွင် ငွေမရှားချေ။ မောင်နီက ဖဲနိုင်နေ၏။ မြကြီး၏ ဘိန်းများကို မောင်နီက ယူရောင်းပြီးနေပြီ။ သို့သော် မြကြီးသည် ရေထမ်းလျက်ပင်နေ၏။ မောင်နီသည် ကျွန်တော့်ဆီသို့ မကြာခဏလာ၏။ မစ္စတာဘတ်ဆီသို့ သူမှတစ်ဆင့် သတင်းပို့ရ၏။

တစ်နေ့သောအချိန်၌ ကျွန်တော်သည် ယာမာရှီးတားနှင့်အတူ

mgyoe.com

mgyoe.com


လေယာဉ်ကွင်းသို့ လိုက်သွားကာ အလုပ်လုပ်နေသော မျက်နှာဖြူ သုံ့ပန်းများထံသွား၍.....

နင်တို့လူမျိုးတွေကြောင့် ပြည်မြို့က ငါတို့အိမ်ပျက်ရတယ်။ ဆွေမျိုးသားချင်းတွေ သေရတယ်" ဟု အင်္ဂလိပ်လိုပြောလျက် ဝါးလုံးရှည်နှင့် သူတို့ကျောပြင်တွေ လျှောက်ရိုက်သည်။ ကျွန်တော် အရက်တိုက်ဖူးသော အစောင့်ဂျပန် စစ်သားတွေကရယ်နေကြ၏။

ယာမာရှီးတားက အဘယ်ကြောင့် ရိုက်သနည်းဟု မေးသောအခါ....

"မာစတာ...ဒီအဖြူကောင်တွေကို ကျွန်တော် သိပ်မုန်းတယ်၊ သူတို့လူမျိုးကြောင့် ကျွန်တော်တို့ တိုင်းပြည်ဒုက္ခရောက်ရတယ်။ အခု ပြည်မြို့က ကျွန်တော်တို့အိမ်ဟာ သူတို့ဘက်ကလာပြီး ဗုံးချလို့ ပျက်စီးရတယ်။ ဆွေမျိုးသားချင်းတွေ သေရတယ်။ သူတို့လူမျိုးတွေကို ကျွန်တော် တစ်သက်မကျေဘူး၊ တွေ့ရာနေရာမှာ သတ်ပစ်ချင်တာပဲ၊ အဲဒါတွေကိုပြောပြီး ကျွန်တော်ရိုက်နေတာ မာစတာရဲ့"

ယာမာရှီးတားက အလွန်သဘောကျပြီး.....

"မောင်လှအောင် အင်္ဂလိပ်စကား ပြောတတ်တယ်နော်"

"ကျွန်တော် ဆယ်တန်းအထိ သင်ဖူးတာပဲ၊ ပြောတတ်တာပေါ့ မာစတာ"

"ဒါဖြင့် သူတို့ကို အမိန့်ပေးခိုင်းရတဲ့ မာစတာလုပ်မလား"

"ဟာ....ဒီကောင်တွေသာ နှိပ်စက်ခိုင်းစေရတဲ့ အလုပ်ဆိုရင် လခမရလည်း ကျွန်တော်လုပ်မှာပဲ"

ထိုနေ့မှစ၍ ကျွန်တော်သည် မျက်နှာဖြူတို့၏ ကူလီခေါင်းဖြစ်သွားလေ၏ ။

ဂျပန်များ၏ရှေ့တွင် ကျွန်တော်သည် ယုတ္တိရှိအောင် မျက်နှာဖြူတွေကို ခပ်နာနာညှဉ်းပေး၏။ ထို့ကြောင့် ၎င်းတို့ကပင် ကျွန်တော့်အား ရွံရှာမုန်းတီးကြလေပြီ။

မည်သို့ပင်ဖြစ်လင့်ကစား ကျွန်တော်သည် မိမိတာဝန်ကို အောင်မြင်အောင် လုပ်ရပါအံ့။

ဤအကြောင်းကို ကျွန်တော်သည် မစ္စတာဘတ်ထံ သတင်းပို့လိုက်၏။

mgyoe.com

mgyoe.com

မစ္စတာဘတ်ထံမှ ချီးမွမ်းစကားနှင့် လေယာဉ်ကွင်းလေယာဉ်ဆင်းနိုင်မည့် အချိန်ကို သိလျှင်သိချင်း အမြန်ဆုံး အကြောင်းကြားရန် အမိန့်ပေးလိုက်၏။

မကြာလှပေ။ ကျွန်တော် ဂျပန်၏ အလုပ်သမားဖြစ်ပြီး တစ်လအတွင်းမှာပင် သူတို့ လေယာဉ်ကွင်းကို လေယာဉ်ဆင်းနိုင်ပေပြီ။ ထိုကွင်းကို ပထမဦးဆုံးအကြိမ် လေယာဉ်စမ်းသပ် ဆင်းသောနေ့မှာပင် မစ္စတာဘတ်ထံ ကျွန်တော် သတင်းပို့လိုက်လေသည်။ ထိုအခါ၌ မစ္စတာဘတ်ထံမှ ကျွန်တော်တို့ ပြုလုပ်ဆောင်ရွက်ရန် တာဝန်နှင့် ရက်ချိန်း အချိန် နာရီ မိနစ်တို့ကို တိကျစွာ ပေးလိုက်လေသည်။

× × ×

ကျွန်တော် ဤအရပ်ဌာနေတွင် နောက်ဆုံးနေသည့်နေ့ ညနေ အချိန်တွင် ကျွန်တော့် ညီမဟူသော အဖြစ်နှင့်နေရသည့် သူကြီးသမီးမမြတင်အား.....

"ညီမရေ...."

"ဘာတုံးအစ်ကို"

ကျွန်တော်တို့မှာ အားလုံး သိပ်သိပ်သည်းသည်း ရှိအောင် ဤသို့ပင် လေ့ကျင့်ခေါ်ငင်ခဲ့ရာမှ ယခုတော့ အကယ်ပင် ရင်းနှီးခင်မင်လျက် ရှိကြပါပြီ။

"ညီမက ယာမာရှီးတားကို တကယ်မချစ်ဘူးနော်"

"အို....အစ်ကိုကလည်း ဘာများ ထူးထူးဆန်းဆန်းလဲလို့"

"မေးတာဖြေစမ်းပါ"

"အို.....အစ်ကိုကလည်း သူ့သာ ကျွန်မတကယ်ချစ်ရင် ကျွန်မအစ်ကိုလို့ ခေါ်နေရတဲ့ အင်္ဂလိပ်စပိုင်ကြီး ကိုလှအောင်ဆိုတဲ့လူ သေတာကြာလှပြီပေါ့။ အခု ဘယ်သူ့အတွက်ကြောင့် ဒီဂျပန်ကောင်ကို ကျွန်မ ရောရောဝင်ဝင် နေရသလဲဆိုတာကို သိရဲ့လား"

ကျွန်တော့်ကို စိတ်ကောက် ရန်ထောင်လိုဟန်လေးနှင့် မျက်စောင်းလေး ထိုးကာ ပြောပါသည်။
mgyoe.com

mgyoe.com


"ကဲ....ဒါဖြင့် ဒီဂျပန်ကောင်ကို နက်ဖြန်ကစပြီး မတွေ့မမြင်ရတော့ပါဘူးခင်ဗျာ"

"ဟင်....ဘာဖြစ်လို့လဲ"

"ဒီကောင်တွင် မဟုတ်ဘူး၊ ဒီလေယာဉ်ကွင်းမှာရှိတဲ့ ဂျပန်စစ်သားအားလုံးကိုပဲ"

"ဘာလို့လဲ"

"သတ်ပစ်ရမှာမို့လို့"

"ဟင်....ဘယ်သူက ဘာလို့သတ်ရမှာလဲ"

"ဘယ်သူကလဲဆိုတော့ သူတို့ရဲ့ ရန်သူကပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အခု ကိုလှအောင်ဆိုတဲ့လူ မျက်နှာဖြူစစ်သားတွေနဲ့ ဒီအရပ်က ပျောက်သွားရင် မြတင်တို့ အိမ်သားတွေကို ဂျပန်စစ်သားတွေက ရန်ရှာမှာစိုးလို့"

"ဟင်....အစ်ကိုသွားတော့မယ်"

သူ့မျက်နှာလေးသည် ငိုမဲ့မဲ့လေးဟု ကျွန်တော်ထင်မိပါသည်။

ထိုနောက် အိမ်သားအားလုံးကို ကျွန်တော် နှုတ်ဆက်သည်။ လူတို့၏ ထုံးစံအတိုင်း တူသားရင်းလို နေရသူနှင့် ခွဲခွာရတော့မည်ကို စိတ်ထိခိုက်ကြသည်။

"ကျွန်တော် အင်္ဂလိပ်စစ်တပ်နဲ့ ဗမာပြည် ပြန်ရောက်တော့ ဒီကိုရောက်အောင် လာခဲ့ပါ့မယ်ဗျာ၊ ကျွန်တော် ဦးကိုကတိထားခဲ့တဲ့အတိုင်းလည်း ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော် ဦးတို့ကျေးဇူးကို မမေ့ပါဘူး။ အခုလည်း" ဟုဆို ပြီး ကျွန်တော်တို့ သုံးယောက်ပေါင်းရှိငွေမှ ဝေပုံကျရသော ဂျပန်ငွေ တစ်ထောင်ကို ပေးခဲ့ပါ၏။

မောင်နီလည်း သူ့ဇနီးမနီတုတ်ကို ဤမျှပင်ပေးခဲ့သည်။ သို့သော် "ငါဖဲရိုက်သွားဦးမယ်" ဟု လိမ်ခဲ့ရသတဲ့။

မြကြီးကား သူ့အဘိုးကြီးကို ရိုးသားမှန်ကန်စွာပင် ဖွင့်ဟနှုတ်ဆက်ခဲ့၏။ အဘိုးကြီးသည် ငွေတစ်ထောင်ကိုကိုင်ကာ မျက်ရည်စက်လက်နှင့် ကျန်ခဲ့သည်ဟု မြကြီးကပြောပါသည်။

× × ×

mgyoe.com

mgyoe.com


ကျွန်တော်တို့ ချိန်းဆိုသောအချိန်သို့ ရောက်လေပြီ။

ညဉ့် ၁၀ နာရီခန့် လရောင်မရှိ။ ကြယ်ကလေးများသာ ပြောက်ကျား တောက်စားနေ၏။

ဂျပန် လေယာဉ်ပစ်အမြောက်မှ ညတာဝန်ကျသော ဂျပန်စစ်သား ၆ ယောက်သည် ကျွန်တော်တို့ ၃ ယောက်နှင့်အတူ အရက်သောက်လျက်ရှိကြသည်။ အကြောင်းမှာ ကျွန်တော်သည် မောင်နီနှင့် မြကြီးကိုလည်း သူတို့နှင့် မိတ်ဖွဲ့ပေးထား၏။

မောင်နီနှင့်မြကြီးသည် ဂျပန်တို့ထံ၌ ကျွန်တော်ကဲ့သို့ အလုပ်ရလို၍ ကြက်နှစ်ကောင်နှင့် အရက် ၄ ပုလင်းကို လက်ဆောင်ဆက်ဖို့ယူခဲ့သည်။ ထို့ကြောင့် ဂျပန်တို့သည် ကြက်သားဟင်းနှင့် ထန်းလျက်ချက် အရက်ချိုမွှေးမွှေးနှင့် မြိန်ရေ ရှက်ရေ ရှိနေသည်။

ဤသို့ စားသောက် ကောင်းနေစဉ်မှာပင် လေကြောင်းရန် အချက်ပေးဥသြသံကြားရ၍ အိပ်ရာထဲမှ ညအလုပ်ခွင်မှ ဂျပန်အသီးသီး ဗုံးခိုကျင်းထဲသို့ ပြေးကြသည်။

လေယာဉ်ပစ် အမြောက်သမားခြောက်ယောက်ကား တာဝန်အရ ကြောက်လျက်သားနှင့် မသွားနိုင်ရှာပေ။ သူတို့ အမြောက်ဆီသို့ သွားရင်း ကျွန်တော်တို့ကိုသာ ဗုံးခိုကျင်းသို့သွားရန် ပြောနေ၏။

သို့သော် ကျွန်တော်တို့မှာလည်း ကျွန်တော်တို့တာဝန်ရှိနေပြီဖြစ်ရကား...

"အို....ဒီအင်္ဂလိပ်တွေကို ကျွန်တော်တို့ မကြောက်ပါဘူး။ သေရင် မာစတာတို့နှင့် အတူအသေခံမယ်" ဟု ပြောပြီး သူတို့နှင့်အတူ ထလိုက်ခဲ့ကြရာ သူတို့အင်မတန်သဘောကျ၍....

"ဘိရုမာကား" ဟု ဩဘာများပြုကြသေး၏။ .

လေယာဉ်သံက နီးလာလေပြီ။

သူတို့သည် အမြောက်ကိုချိတ်လျက်....။

အင်္ဂလိပ်လေယာဉ် ၃ စီးကို မီးနီကလေးတွေရဲရဲနှင့် မြင်ရလေပြီ။

အမြောက်ပစ်ကွင်း ဝင်ပြီထင်ရသောအခါ၌ ဒိုင်းကနဲတစ်ချက်ပစ်လိုက်သည်။ အမြောက်ဆန်မရောက်နိုင်သောနေရာ၌ရှိနေသော လေယာဉ်

mgyoe.com

mgyoe.com

တို့ကိုကား မထိ။

သို့သော် သူတို့ ၆ ယောက်၏ ခန္ဓာကိုယ်ထဲသို့ကား ဤအမြောက်သံ မဆုံးမီ အတွင်းမှာ ကျည်ဆံတစ်ခုစီ ဝင်သွားလေပြီ။ အကြောင်းမှာ သူတို့ ကျော၌ ကပ်လျက်ရှိကြသော ကျွန်တော်တို့ ၃ ယောက်၏ ခြောက်လုံးပြူး ၃ လက်သည် နှစ်ချက်စီ မောင်းဖြုတ်လိုက်ကြ၍ ဖြစ်ပေ၏။

ကျွန်တော်သည် သူတို့ ၆ ယောက်လဲကျသွားသည်နှင့်တစ်ပြိုင်နက် မီးစိမ်းပြလိုက်၏။ ချက်ချင်းပင် လေယာဉ်တွေထိုးဆင်းလာကာ မရှင်းဂန်းသံ တဒက်ဒက်နှင့် လေယာဉ်ကွင်းကို ကွေ့ကာ ပတ်ကာ ပစ်တော့သည်။ လေယာဉ် တစ်စီးကလက်နက်ထုပ် လေထီးတွေချသည်။

ကျွန်တော်သည် မျက်နှာဖြူ သုံ့ပန်းတွေထားသော အချုပ်ထောင်ကို ပြေးဖွင့်ပြီး တချောင်းချောင်း၌စုပြီး ပုနေကြသော ဒုက္ခသည်တို့အား အင်္ဂလိပ် ဘာသာဖြင့်....

"ဟေ့ ကိုယ့်လူတို့ မကြောက်ကြနဲ့၊ ဒီမရှင်းဂန်းသံက ကျည်ဆန်မပါတဲ့ ကာမိုက်တွေ၊ မင်းတို့ကို ခေါ်ရအောင်လာတာ၊ ထွက်ကြထွက်ကြ၊ ဟိုမှာ မင်းတို့ဖို့လက်နက်တွေ ချပေးနေပြီ"

ရုတ်တရက်ဖြင့် သူတို့ကျွန်တော့်ကို ရူးများလာသလားဟု အောက်မေ့ ဟန်တူသည်။ ကျွန်တော်က ဆက်လက်၍....

"ဟေ့ မင်းတို့ ငါ့ကို အထင်မလွဲကြနဲ့၊ ငါက လေထီးနဲ့ ဆင်းခဲ့တဲ့ အင်္ဂလိပ်စပိုင်ပဲ"

ယင်းသည်မှ ငနဲတွေ အော်ဟစ် ကြုံးဝါး ပြေးသွားကြကာ လေထီးနှင့် ကျလာသော လက်နက်သေတ္တာတွေမှ ရိုင်ဖယ် ကိုယ်စီကိုင်ဆောင်လျက် ဂျပန်တွေ ခိုအောင်းနေကြသော ဖုံးခိုကျင်းများဆီသို့ စိတ်ကြီး မာန်ကြီး ပြေးသွားကြလေသည်။ ခဏအတွင်း၌ကား ဂျပန်များ ခိုအောင်းနေကြသည့် ဖုံးခိုကျင်းများထဲသို့ ကျည်ဆန်များ အပြည့်ပစ်သွင်းနေသလားဟု ထင်ရ အောင် သေနတ်သံတွေ ညံနေလေသည်။

ဤသည်၌ ကျွန်တော်တို့ ၃ ယောက်သည် မီးစိမ်းများကို အောက်ဘက် သို့ ဝှေ့၍ ဝှေ့၍ ပြလိုက်၏။

၁၅ မိနစ်အတွင်း လူစီး လေယာဉ်ကြီးနှစ်စင်း မြေပြင်သို့ ဆင်းသက်လာ

mgyoe.com

mgyoe.com


၏။

ပထမဆုံး မစ္စတာဘတ်ပြေးဆင်းလာကာ ကျွန်တော်တို့ကို ဖက်ယမ်း နှုတ်ဆက်လေသည်။ မစ္စတာဘတ်နှင့် သူ့အဖော်များသည် နောက် ၃ ရက် ကပင် အိန္ဒိယသို့ ပြန်သွားခြင်းဖြစ်၏။ သူတို့သည်တောထဲ၌ လေယာဉ် ပေါ်သို့ ကြိုးလှေကားနှင့်တက်ကြ၏။

ကျွန်တော်တို့သည် ချက်ချင်း မသွားသေးဘဲ ဂျပန် အလုပ်စခန်းများ တွင် စစ်ရေးစစ်ရာနှင့်ပတ်သက်သော စာရွက်စာတမ်းမြေပုံအမှတ်အသား များကို ယူကြသေး၏။

ဤအချိန်၌ မျက်နှာဖြူစစ်သားတို့ကား လေယာဉ်နှင့် ဆောင်ကြဉ်းလာ ခဲ့သည့် သူတို့ မတွေ့ကြသည်မှာ ကြာပြီ ဖြစ်သော "ရမ်" အရက်ကို ခွက် မဆောင်ဘဲ ပုလင်းလိုက် မော့နေကြကုန်၏။ သူတို့၏ စုတ်ပြတ်နေသော အဝတ်နှင့် ပိန်ညှော်သောခန္ဓာကိုယ်တို့မှ လန်းဆန်းလှုပ်ရှားမှုနှင့် ရယ်မော သံများ ပေါ်ထွက်လာတော့၏။

အားလုံး လေယာဉ်ပေါ် တက်ကြသောအခါ၌ ကျွန်တော့်ကို အပေါက် ဝနားထား၍ တစ်ယောက်စီ ဖက်ယမ်း နမ်းရှုပ်ကြကုန်သည်။ တစ်ယောက် သော အင်္ဂလိပ်စစ်သားငယ် တစ်ယောက်က အခြားသူများထက် ထူးခြား စွာ ကျွန်တော့်အား လှိုက်လှိုက်လှဲလှဲကြီး ဖက်ယမ်းသည်၌ ကျွန်တော်က....

"ဟဲလို ဟင်နရီ....မင်း......ငါ့ကို ချဲလင့်ချ် လုပ်ချင်သေးသလား"

အကြောင်းမှာ သူသည် သည်းမခံတတ်သူဖြစ်သည်။ သတ္တိကောင်း သော ကျွန်တော်နှင့် အသက် မတိမ်းမယိမ်း ဖြစ်သည်။ ကျွန်တော့် ညီမဆို သည့် မမြတင်နှင့် ကျွန်တော်နှင့် ယာမာရှီးတားနှင့်တွဲကာ လေယာဉ်ကွင်း လာလေ့ရှိကြသည်ကို မြင်နေရ၍ ကျွန်တော်က ဂျပန်များရှေ့၌ သူတို့ကို ညှဉ်းပန်းခြင်းပြုရသောအခါ သူက ကျွန်တော့်အား....

"ဂျပန် နှမပေးယောက်ဖ၊ ငါတို့ တစ်နေ့ အရေးသာတဲ့အခါမှာ နင်နှစ်မ ကို လုယူမယ်၊ နင်နဲ့ငါ အခု တစ်ယောက်ချင်း ချချင်တယ်" ဟူသော အဓိပ္ပာယ်ပါသည့်စကားမျိုးဖြင့် ကျွန်တော့်ကို နက်လေ့ရှိခဲ့၏။

ယခုကား သူသည် ကျွန်တော်အား အလွန်အကြူး ကျေးဇူးတင်စွာနှင့် နမ်းရှုပ်လျက်–

mgyoe.com

mgyoe.com


"မောရစ်....မင်းဟာ တကယ်တော်တဲ့လူပါ" ဟု ချီးကျူးပါ၏။ "ငါ့ကို အခု ထပ်ပြီး ရိုက်စမ်းပါဦး" ဟု ဆို၏။

အားလုံး အောင်မြင်စွာ ကျွန်တော်တို့ လေယာဉ်များ မြေပြင်မှ ဝေဟင်သို့ တက်ကြသောအခါတွင် ကျွန်တော်ခွဲခွာခဲ့ရသော ရွာကလေးကို အပေါ်မှ စီး၍ ကြည့်ခဲ့သေးသည်။

မှုန်မွှားသော ကောင်းကင်ရောင်အောက်တွင် မည်းနက်သော သစ်ပင်အုပ်စုတန်း၊ မီးရောင် တစ်ပွင့်တစ်လေမျှမရှိ။ သို့သော် တစ်ရွာလုံး အိပ်မပျော်ကြသည်မှာ ယုံမှားဖွယ်မရှိ၊ အထူးသဖြင့် ကျွန်တော့်ညီမလေး လုပ်ခဲ့သော မမြတင်လေး တစ်ယောက်သည် ဆူဆူညံညံ သေနတ်သံတွေကြား၍ ရင်ဖိုကာ မျက်ရည်များပင် ကျလေမည်လားဟု ကျွန်တော် ထင်စားမိပါသည်။

ထိုညတွင် ကျွန်တော်တို့သည် အိန္ဒိယပြည်သို့ ပြန်ရောက်ခဲ့ကြလေပြီ။

× × ×

ကျွန်တော် ရာထူးအဆင့် တက်လေသည်။ ကျွန်တော်တို့အတွက် အောင်ပွဲလုပ်ရာ၌ အင်္ဂလိပ်မလေးတွေ၏ တစ်ယောက်စီနှုတ်ခမ်းကစားခြင်းကိုပင် သူတို့ပခုံးကလေးတွေကိုင်ကာ ပြုံးကာရယ်ကာ ရှင်ကြည်သာလိုက်ရပါသေးသည်။

စင်စစ်ကား ကျွန်တော်၏ စွန့်စားခြင်းသည် ဤဘာမဟုတ်သော လာပ်သပကာနှင့် ပြီးရသည့် အဓိပ္ပာယ် မရှိသောသူတို့ လူမျိုးတို့အပြုအမူနှင့် အဆုံးသတ်လိုက်ရသည်နှင့် တူနေပါသည်။

အကြောင်းမှာ....

အင်္ဂလိပ် စစ်ရေးသာ၍ ရခိုင်ကို ပြန်သိမ်းပြီးသောအခါ၌ ကျွန်တော့် မိခင်ရှိရာ ဒေသသို့သွားရောက်ခဲ့၏။ နှစ်ရှည်များစွာ ခွဲခွာနေရသော မိခင်အား သင်္ချိုင်းမြေပုံ အဖြစ်နှင့် တွေ့ရပါသည်။

အင်္ဂလိပ်ရေတပ်မတော် ရန်ကုန်မြို့သို့ ချီတက်ရာ၌ ကျွန်တော် အခွင့်ထူးယူ၍ တပ်ဦးက ပါသွားပြီး စစ်တပ်နေသားတကျရှိသောအခါတွင် ခွင့်

mgyoe.com

mgyoe.com

ယူကာ ချစ်ဦးသူ ရည်းစားရှိရာ ဖျာပုံမြို့သို့ သွားခဲ့ပါသည်။

တွေ့ရပါသည်။ မြင်ရပါသည်။ သို့သော် မိခင်အဖြစ်နှင့်။

"ဒါ....သစ္စာရှိတဲ့ ချစ်သူလားကွယ်"

ကျွန်တော် နှစ်ကိုယ်တွေ့ရန် ကြံပြီး မေးခဲ့ပါသေးသည်။ သူကလေးသည် မျက်ရည်တွေနှင့် ရှိုက်ကာ ရှိုက်ကာ....

"ဂျပန့်ရန်ကြောက်ရလို့ မေမေတို့က အမြန်စီမံလို့ပါ....မောင်ရယ်" တဲ့။

ဟင်.....ခုမှတော့ ဘာထူးတော့မှာတုံး။ ကျွန်တော့်စိတ်အာရုံထဲ၌ အလင်းရောင်လေးတစ်ပွင့် ပေါ်လာလေသည်။

မင်းဘူးနယ် ဟိုရွာမှာ မောင်နှမ လုပ်ခဲ့ရသော သူကြီးသမီး မမြတင်ကလေး၊ အညာသူ၊ အသားညိုချော။

ကျွန်တော် ရက်ရှည်ခွင့်ယူကာ အချစ်ကိုရှာပြန်လေသည်။ ကျွန်တော့်မှာ အချစ်မရှိဘဲ မနေနိုင်တော့ပါ။ အခုမိခင်လည်း မရှိတော့ပြီ။ သစ္စာထားခဲ့သော ရည်းစားလည်းဆုံးပြီ။

အို....မမြတင်ကလေးကို ကောင်းကောင်းမွန်မွန်တွေ့ရပါစေ။

ဒီဂျပန်ကောင် ယာမာရှိုးတားကို အရောတဝင် အလိုက်သင့်နေရတာ ဘယ်သူ့ကြောင့် ထင်လဲသိရဲ့လား" ဟု မိန်းမကလေးတို့ ဘာဝ မျက်စောင်းကလေးထိုး၍ ပြောခဲ့သောတောသူမလေး....။

ကျွန်တော် တနေ့ ပြန်လာခဲ့မည်ပြောခဲ့၍ သူကတော့ စောင့်မျှော်နေကောင်းပါရဲ့။

ဟုတ်ပါ၏။ သူ စောင့်မျှော်နေပါသည်။

သို့သော် မြေကြီးအောက်မှာ သူ့မိဘတွေနှင့်အတူ။

"ခင်ဗျားတို့သွားပြီး နောက်တစ်နေ့မှာပဲ မင်းဘူးမြို့ပေါ်က ဂျပန်ကင်ပေတိုင်အဖွဲ့ရောက်လာပြီး ခင်ဗျားအကြောင်းကို စုံစမ်းတယ်၊ ရွာထဲမှာလည်း ဂျပန့် မယားပါသားတွေ ရှိနေတာပဲ" ခင်ဗျား သူကြီးအိမ်မှာ တည်းတဲ့အကြောင်း ပြောပြလိုက်ကြတယ်။ တစ်အိမ်သားလုံး လုံ့စွပ်နဲ့ ထိုးသတ်ပစ်လိုက်ကြတာဗျာ၊ ရွာသားတွေကို တမင်ခေါ်ပြီး ကြည့်ခိုင်းသေးတယ်။ မမြတင်လေးဖြင့် "အမယ်လေး.... ကိုလှအောင် လာမကယ်နိုင်တော့ဘူးလားရှင်...." လို နောက်ဆုံး အော်လိုက်ရှာသေးတယ်"

mgyoe.com


ကိုစိန်ဖိုးပြောပြသော စကားထဲတွင် ယခုတိုင် ကျွန်တော့်နားထဲ ကြား ယောင်နေသေးသည်မှာ–

"အမယ်လေး....ကိုလှအောင် မကယ်နိုင်တော့ဘူးလားရှင်"

ထိုမှ ကျွန်တော့် စိတ်သည် မူလ စိတ်ရင်းသို့ မပြန်တော့ပါ။ စစ်တပ် ထဲတွင် မူးသည်၊ ရမ်းသည်၊ ဆိုးသည်၊ တေသည်။

ထို့ကြောင့်ပင် ရန်ကုန် မင်္ဂလာဒုံလမ်း ၉–မိုင်ကွေ့တွင် အရက်မူးမူးနှင့် ကားအရမ်းမောင်း၍ ကားချင်းတိုက်ကာ ကျွန်တော့် ခြေဖမိုးရိုး ကျိုးရသည်။ မိတ်ဆွေ အင်္ဂလိပ်တစ်ယောက် လက်မောင်းဖြတ်ပစ်ရသည်။ အမေရိကန် မေဂျာတစ်ယောက် ပွဲချင်းပြီး သေဆုံးရသည်။

ကျွန်တော်က ယခု ခြေထောက် မသန်မစွမ်းကြီးနှင့် ဘာလုပ်ဖို့ အသက် ရှင်နေပါသေးသလဲ။

ဖြစ်တဲ့အကြောင်းများ တစေ့စေ့တွေ့ပြီး.... တမြေ့မြေ့ဆွေးနေရအောင် တဲ့လားဗျာ။

ခွဲခွာခဲ့ရသော မိခင်ကိုမှ အသက်နှင့် မတွေ့ မမြင်ရတော့....။ မြေပုံ သာပဲ "ဒါ....မင်းအမေ....." ဆိုလို့။

ကောင်းမွန်စွာ တွေ့ခဲ့ရတဲ့ ရည်းစားဦးမှာတော့ ..... သူ့ကလေးကို နို့ချိုတိုက်လို့.....။

ကျွန်တော့်ကို မျှော်လင့်နေသူ ကလေးမှာဖြင့် ကျွန်တော့်အတွက် သူ့ မိဘတွေနှင့်အတူ ဂျပန်အသတ်ခံရသည်။

"အို....ဂျပန်တွေ....ဂျပန်တွေ"

ဟင်....ကျွန်တော်လည်း ဂျပန်စစ်သားတွေကို သတ်ခဲ့တာပဲ မဟုတ် လား ခင်ဗျာ။

ဘာကြောင့်သတ်ခဲ့ရသလဲ။

သူတို့မှာကော ကျွန်တော့်လို မိခင်တွေ ချစ်သူတွေရှိမှာ မုချပါပဲခင်ဗျာ။

သို့သော် သူတို့က သူတို့တိုင်းပြည်နှင့် လူမျိုးအတွက်၊ ကျွန်တော်က ကိုယ့်လူမျိုးမဟုတ်တဲ့ နယ်ချဲ့အတွက်.....။

ကျွန်တော်သာ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအတွက် ကိုယ့်အမျိုး သား သုံ့ပန်း ၅၀ ကျော်တို့၏ အသက်များကို ကယ်ခဲ့သူဖြစ်ပါမူ ဂုဏ်ယူ

mgyoe.com

mgyoe.com


၍ ဆုံးမည်မဟုတ်ပါ။ ခြေဖမိုး ကျိုးရုံမက ပေါင်တစ်ဖက်ပြတ်ကြီးနှင့်ပင် နေရပါစေ။ တပ်မတော်၏ မော်ကွန်းဝင် သူရဲကောင်း။

ယခုတော့ နယ်ချဲ့၏ ကျေးဖူးမဲ့သော စစ်သားဟောင်းအစုတ်အပြတ်ကလေး။

အတိတ်ကို တွေးလေလေ ဆွေးမပြေနိုင်တော့ပါ။ ။

❑

mgyoe.com

mgyoe.com

# ကျေးဇူးဟူသည်

ကျွန်တော်တို့မြန်မာပြည်တွင် ဂျပန်အဝင်တစ်ကြိမ်၊ အထွက်၌ တစ်ချီ၊ တိုင်းပြည်နှစ်လီပျက်ခဲ့သည်ကြောင့် မြို့မှ စစ်ပြေးဒုက္ခသည်များနှင့် ကျေးရွာသားတွေ မိတ်ဆွေသင်္ဂဟ ဖြစ်သွားကြလေရာ အချို့မှာ နောင်အရှည် ဆွေစဉ်မျိုးဆက်ပင်ဆက်လက်ခင်မင်သွားကြသည်များရှိလေသည်။

လွန်ခဲ့သော နွေရာသီကဆုန်လက ကျွန်တော့်ဇာတိဌာနေမှ ရွာသူရွာသား ၅ ယောက်သည် ရန်ကုန်မြို့သို့ အလည်တစ်ခေါက် ရောက်လာကြသည်။ နောက်တစ်နေ့မှာ ဘုရားတွေ လျှောက်ဖူးပြီး ယခုရေကျော်ရပ်ရှိ ယခင်စစ်ပြေးစဉ်က ရွာမှာ မိတ်ဆွေဖြစ်သွားကြသော ဦးဘစောတို့အိမ်သို့ သွားကြမည်ဟု အစီအစဉ်ရှိသည်နှင့်အညီ ထိုနေ့နံနက် ၆ မိုင်ရှိ ကျွန်တော့်အိမ်မှထွက်ခဲ့ကြသည်။ ပထမကမ္ဘာအေး၊ ဒုတိယရွှေတိဂုံစေတီတော် တတိယ ဆူးလေဘုရားဖူးကြပြီးနောက် ရေကျော် ဦးဘစောတို့ အိမ်သို့ သွားဖို့သာရှိတော့သည်၌ နံနက် ၁၀ နာရီခန့် ရှိနေချေပြီ။

ယင်းမှ ကျွန်တော်သည် လက်ရှိ ဦးဘစောတို့ အခြေအနေကို ရုတ်တရက် သတိရမိတော့သည်။

mgyoe.com

mgyoe.com


တလောကပင် ဦးဘစောနှင့် ကျွန်တော်တွေ့ကြသေးသည်။ ခင်မင်ကြသူများပီပီ ကိုယ်ရေးကိုယ်တာတွေ ပြောကြတော့သူတို့မှာ သားသမီးတွေကများ၊ ယခုကုန်ဈေးနှုန်းတွေနှင့် သူရတဲ့လခလေးနှင့် မချိမဆံ့၊ သားကြီးတစ်ယောက်က ဘီအေအောင်၍မှ ယခုထိ အလုပ်မရသေး။ သားသမီးငယ်တွေကျောင်းစရိတ်က ကြီးလေးကြောင်းများ ညည်းတွားသွားသည်။ ဟုတ်ပေသည်။ ခုအခါ မိတ်ဆွေသင်္ဂဟချင်း တွေ့ကြလျှင် ဟိုတုန်းကလို ဂုဏ်တုဂုဏ်ပြိုင်ကြွားဝါခြင်းမပြုကြ၊ သူ့ထက်ငါ ဦးအောင်ညည်းညူပစ်လိုက်သည်ကများကြသည်။ အခုအခါမှာ ရာထူးမကြီးသော၊ လခမများသော၊ ရိုးသားမှန်ကန်သော အလုပ်သမားတိုင်း ဤအတိုင်းပင်။

သို့သော် ယခု ဦးဘစောတို့ကား ကျွန်တော်တို့ရွာမှလာကြသူများကိုတော့ ညည်းညူပြဝံ့ကြမည်မဟုတ်ချေ။ အကြောင်းမှာ သူတို့စစ်ပြေးလာကြစဉ်က ကျွန်တော်တို့ ရွာသားတွေကျေးဇူးသည် သူတို့အပေါ်၌ များစွာရှိခဲ့၏။ ထို့ကြောင့် ရန်ကုန်သို့ လာဖြစ်အောင်လာကြစမ်းပါ။ ရောက်လျှင် သူတို့အိမ်လာပါ။ တည်းခိုပါ၊ ကျေးဇူးတုံ့ပြန်ပါရစေဟု ဆိုစကားရှိခဲ့သည်နှင့်အညီ ယခု ကျွန်တော်တို့ ရွာသားများ ရောက်သွားလျှင်ကား ဦးဘစောတို့ လင်မယားသည် လှိုက်လှိုက်လှဲလှဲ ရက်ရက်ရောရောကြီး ဧည့်ဝတ်ပြုရပေတော့မည်။

စင်စစ်ကား ကျွန်တော်တို့ တောသားတွေ ဦးဘစောတို့အပေါ် ကျေးဇူးပြုလိုက်ရသည်က တမင်သက်သက် လုပ်ကိုင်ရသည်မဟုတ်ချေ။အကြောင်းအားလျော်စွာ သင့်လျော်သလို တောသားများအဖို့ ဘာမျှ အပန်းမကြီးလှသော တောက်တိုမည်ရ ကိစ္စမျိုးလေးတွေသာ ဖြစ်၏။

ယခု ဦးဘစောတို့လင်မယား ပထမ ရင်ဆိုင်ရမည်က လူ-၅ယောက်၊ ကျွန်တော်နှင့်ပါ ၆ ယောက်၊ မနက်စာထမင်းကျွေးရတော့မည်။ တောမှလာသော ဧည့်သည် ခေါင်းဆောင်ကိုက "ခုမနက်စာတော့ မောင်ဘစောတို့အိမ်မှာ တုတ်ရမယ်ဟေ့" ဟု မောင်းတင်ပြီးသားဖြစ်၏။ သူတို့သည် ယခုဦးဘစောတို့ လက်ရှိအခြေအနေကို မသိရှာကြ၊ စစ်ပြေးလာတုန်းကလိုပဲမြို့က လခစားကြီးဟု အထင်ကြီးလျက်ပင်။

အင်း....ရန်ကုန်မြို့တော်သားတို့မှာ ကုန်ဈေးနှုန်းတွေ အလွန်ကြီးမား

mgyoe.com

mgyoe.com


နေသောအချိန်တွင် တောသား ၅ ယောက်၊ ကျွန်တော်အဆစ်တစ်ယောက်နှင့် ထမင်းတစ်နပ် ကျွေးလိုက်ရမည်က နည်းတဲ့တာဝန်ကြီးမဟုတ်ပါချေ။ တောသားတစ်ယောက်သည် အနည်းဆုံး ငါးပိရည်တို့စရာနှင့်ပင် ဆန်နို့ဆီဘူးတစ်လုံးချက် စားနိုင်လေရာ ဟင်းချက်ကောင်းသည်ဟု နာမည်ကြီးသော ဦးဘစောဇနီး ဒေါ်ခင်မိ၏ လက်ရာနှင့် တွေ့သွားလျှင်ကား တစ်ယောက်လျှင် ဆန်နို့ဆီဘူးနှစ်လုံးချက်လောက် တုတ်ပစ်ကြတော့မည်။

ဤကား ကျွန်တော်က အခြေခံ ဆန်လောက် တွက်ပြခြင်းဖြစ်သည်။ ဤဧည့်သည်တွေ မြင်လျှင်မြင်ခြင်း ဒေါ်ခင်မိဈေးပြေးပြီး ဖွယ်ဖွယ်ရာရာ ဟင်းလျာများ ဝယ်ရသည်ကား ရှိသေးသည်။ ဤမေလလယ်လောက်ကြီးမှာ ကျန်တဲ့ရက်ပိုင်းအတွက် အိမ်သုံးစရိတ် ချောလတ္တံ့။

အိုး....ကျွန်တော် ယခုမှ သတိရပြန်သည်။ မေလဆိုတော့ ကျောင်းတွေဖွင့်၍ ကျောင်းသားတွေ စာအုပ်ဖိုးနှင့် ကျောင်းဝင်ကြေးကြောင့် ကျောင်းသားမိဘတိုင်း ညည်းညူနေကြတဲ့ လပါတကား။

ဟိုက်–မဖြစ်ဘူး၊ ဒီ ဦးဘစောတို့အိမ်ထောင် အန္တရာယ်တော့ ငါကာကွယ်လိုက်မှပဲ၊ ဒီလမှာ ကျွန်တော်ဝတ္ထုရှည်လေးတစ်ပုဒ်ရောင်းထားလို့လည်း ငွေကြေးချောင်လည်နေသည်။ ထို့ကြောင့် မိုလ်ချုပ်လမ်းမှ (၁၂) ဘတ်စ်ကားစီးပြီး ရေကျော်ဆင်းကြတော့ ဧည့်သည်များအား ဦးဘစောတို့အိမ် မပို့သေးဘဲ ထမင်းဆိုင်ရှိရာသို့ ခေါ်ခဲ့ရလေ၏။

× × × ×

## ရသာရုံ မြန်မာထမင်းဆိုင်ကြီး

ဆိုင်ထိုင်မိန်းမရွယ်သည် အသက် ၃၀ ကျော်မျှ ရုပ်ရည်သန့်သန့် ပြန့်ပြန့် ရည်ရည်မွန်မွန်၊ ဧည့်သည်တွေအား စားပွဲတွင်ထား၍ ဘာဟင်းတွေရှိသလဲ ကြည့်ရအောင် သူ့ရှေ့သို့သွားသော ကျွန်တော့်အား မြင်လျှင် မြင်ချင်း ဝမ်းသာအားရ အမူအရာနှင့်.....

"ဟင် ဦးလေး ခုမှတွေ့ရတော့တယ်၊ ဘယ်က လှည့်လာသလဲ၊ သူက ကျွန်တော့်ကို သိသည့်ပုံသဏ္ဍာန်။

"ဒီရေကျော်လာရင်းပါပဲကွာ"

mgyoe.com

"ထမင်းစားကြမယ်မဟုတ်လား"

"ဟ–ထမင်းဆိုင်လာတာ ထမင်းစားကြမလို့ပေါ့ကွ၊ ဘာဟင်းတွေရှိသလဲ"

"ဝက်သား၊ ကြက်သား၊ အမဲသား၊ ငမြင်းရင်း၊ ဆိတ်ကလီဇာ"ပါးစပ်က ပြောရင်း လက်ကဟင်းအိုးတစ်ခုစီဖွင့်ပြလျက် "အစုံပဲရှိတယ်ဦးလေး"

"အေး.....အမယ်စုံပဲထည့်ကွာ၊ တို့ ၆ ယောက်စာ"

ကျွန်တော်တို့ စားပွဲဝိုင်းတွင် ထိုင်စားကြတော့ လွန်စွာမှ ဖွယ်ဖွယ်ရာရာ ရှိ၏။ ဖော်ပြခဲ့သော အသားဟင်းများအပြင် ငါးပိရည်၊ တို့စရာ၊ ချဉ်ပေါင်ကြော်၊ ကြက်ဟင်းခါးသီးကြော်၊ ဟင်းရည်သောက် နှင့်ပြီး စားရင်းလိုသော ဟင်းကိုလည်း အထူးမှာစရာမလို။ ထမင်းလိုက်ပွဲဖလုံကြီးနှင့် ဟင်းလည်း ကြက်သား ကုန်လျှင် ကြက်သား၊ ဝက်သားကုန်လျှင် ဝက်သား၊ စားပွဲထိုး သူငယ်လေးက လာပို့သည်။ ဆိုင်ရှင်မက ဟင်းတွေကောင်းရဲ့လား၊ စားလို့ မြိန်ရဲ့လားဟုလည်း မေးသေးသည်။

အမှန်လည်း သူ့ဟင်းတွေက ကောင်း၍ ကျွန်တော်တို့စားလို့မြိန်ကြပါသည်။

သည်တော့စိတ်ထဲ အင်း.... ဟင်းချက်တဲ့ လက်ရာကလည်း ကောင်း၊ စကားပြောဆို ဆက်ဆံပုံကလည်း ရည်မွန်တယ်။ ကျွန်တော်က သူ့ကို မသိပါပဲလျက် မြင်လျှင်မြင်ချင်း ကျွန်တော့်ကို "ဦးလေး ခုမှ တွေ့ရတော့တယ်.... ဘယ်က လှည့်လာသလဲ...." မေးလိုက်ပုံကလည်း သင်းလှပါပေသည်။ နှင့်ပြီး ကျွန်တော်တို့ စားနေရာမှာလည်း ဈေးသည်နှင့် ဈေးဝယ်စားသူလိုမဟုတ်ဘဲ အိမ်ရှင်နှင့် ဧည့်သည်လို လိုသမျှထမင်းဟင်းတွေ ပေးနေသည်မှာလည်း ပိုင်လှပါပေသည်။ ဒါကြောင့် ဒီအမျိုးသမီးမှာ လည်ပင်းဆွဲကြိုးတွေနှင့် ရွှေလက်ကောက်တွေ တတောင်ဆစ်နီးနေတာပဲဟု ကျွန်တော် မှတ်ချက်ချမိ၏။

သို့သော် စားသောက်ပြီးကြ၍ ကျွန်တော်က ပိုက်ဆံဘယ်လောက်ကျသနည်း မေးလိုက်သောအခါ၌ကား ကျွန်တော့်ရင်ဝ ကျွန်တော်ဖနောင့်နှင့် ပေါက်ချင်စိတ်ပေါ်မိလေ၏။

ကျွန်တော်က သွားကြားထိုးရင်း....

mgyoe.com

mgyoe.com

"ဟော့– ဘယ်လောက်ကျလဲကွ" ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် သူငယ်မမျက်နှာသည် အလွန်ပင်အံ့အားသင့်ပြီး ဝမ်းနည်းလှသောအမူအရာ ဖြစ်သွားလျက်

"အင်း– ဦးလေးကျွန်မကို နည်းနည်းမှ မမှတ်မိဘူး"

ကျွန်တော်သည် သူ့မျက်နှာကြည့်၍ စိတ်မကောင်းဖြစ်ရာက

"အေးဟယ်၊ ငါ့ကိုအပြစ်တင်ပါတော့"

"အင်း– ဦးလေးအပြစ်မဟုတ်ပါဘူးလေ၊ နှစ်တွေကလည်း ကြာလှပြီ ကိုး၊ ကျွန်မ စမ်းမြရယ်လေ"

သို့တိုင်အောင် ကျွန်တော့်မှာ နဝေတိမ်တောင်....

"အဲ– ဦးလေးဒီနာမည် ပြောရုံနဲ့လည်း မသိသေးဘူး။ ဦးလေးရဲ့ သူငယ်ချင်း ကိုသောင်းရဲ့သမီးလေ"

သည်တော့မှ ကျွန်တော်ချက်ချင်းသတိရကာ....

"ဟဲ့ ဒါဖြင့် နင်ကိုသောင်းသမီး ခွေးပိန်မရယ်ပေါ့"

"ဟုတ်တယ်၊ ကျွန်မ အဲဒီနာမည် ပြောလိုက်ရင်တော့ ဦးလေးချက်ချင်း သိမှာပေါ့နော်"

"အေးပေါ့ဟဲ့၊ ခွေးပိန်မလို့ ငါခေါ်ခဲ့တာ လူ့ပြည်မှာ နှစ်ယောက်တည်းရှိတာပဲ၊ စမ်းမြတို့ သန်းလှတို့ ဆိုတာတွေတော့ ငါ့ဘဝမှာ တွေ့ခဲ့ရတာတွေ များပြီ"ဆိုပြီး လက်ဝတ် လက်စားတွေ ပြည့်စုံနေသော သူ့ကိုစေ့စေ့ကြည့်၍ "ခွေးပိန်မကို ငါဒီလို အခြေမြင်ရတွေ့ရတာ ဝမ်းသာလိုက်တာဟယ်၊ နင် ထမင်းဆိုင် အလုပ်နဲ့ အကျိုးပေးတယ်နော်"

"ဟုတ်တယ် ဦးလေး၊ ကျွန်မအခုလို ထမင်းဆိုင် ထောင်ဖြစ်တာလည်း ဦးလေးကျေးဇူးပဲ"

"ဟဲ့ ငါနဲ့ဘာဆိုင်လို့ တုံး"

"ဟိုတုန်းက ကျွန်မတို့အိမ်မှာ ဖေဖေနဲ့ ဦးလေး အရက်သောက်ကြရင်း ဦးလေးပြောခဲ့တာတွေ ကျွန်မ မှတ်မိနေတယ်"

"ငါဘာတွေများ ပြောခဲ့တာတုံး"

"ကျွန်မ နားထဲစွဲခဲ့တာတွေ ပြောပြမယ်နော်"

"ပြောစမ်းပါဟယ်၊ ငါလည်း မှတ်သားထိုက်ရင် မှတ်သားရအောင်...."

mgyoe.com

mgyoe.com


"လုပ်ကရောမယ်ဦးလေးကလည်း ကိုယ်ပြောခဲ့တဲ့ ဟာပဲ"

"ဩော် ငါမေ့နေပြီပဲ ပြောပါ"

"ဦးလေးက ဖေဖေ့ကို ပြောတာလေ၊ ဒီမယ် ကိုသောင်းတဲ့ လူ့ပြည်မှာ လူတစ်ယောက်ထဲအတွက်သော်လည်းကောင်း၊ အားလုံးအတွက်သော် လည်းကောင်း၊ အစားအသောက်ဟာ အရေးအကြီးဆုံးပဲ၊ လူ့ဘဝရဲ့ အခြေခံဟာ အစားအစာပဲ၊ အဲဒီ အစား အစာကို ကောင်းအောင်ချက်ပြုတ်စီမံတတ်မယ် ဆိုရင် လူတွေကို ချုပ်ကိုင်နိုင်တယ်တဲ့၊ ဘာကြောင့်လဲဆို လူတိုင်းဟာ အစားကောင်းအသောက်ကောင်း ကြိုက်တာချည်းပဲတဲ့၊ အခုကြည့် ခင်ဗျားမိန်းမ ဟာ ထမင်းချက်ဟင်းချက်ကောင်းတဲ့အတွက် ခင်ဗျားဟာ ခင်ဗျားအိမ်က လွဲပြီး တခြားဘယ်မှမစားချင်ဘူး၊ ကျွန်တော်လည်း ခင်ဗျားအိမ်မှာ တတ်နိုင်သလောက် လာကြိတ် နေတာပဲတဲ့"

"အေး ငါ အဲလိုတွေ ပြောခဲ့သလား"

"ဟုတ်တယ်၊ နို့ပြီး ဖေဖေ့ကိုလည်း ဒီမှာကိုသောင်း ခင်ဗျား ဖိနပ်ထောင်တဲ့အလုပ်မကောင်းရင် ထမင်းဆိုင်ဖွင့်ဗျတဲ့၊ ခင်ဗျားမိန်းမလက်ရာနဲ့ ကြီးပွားနိုင်တယ်၊ နို့ပြီးကျွန်မကိုလည်း ပြောလိုက်သေးတယ်။ ဟဲ့ ခွေးပိန်မတဲ့၊ နင်နင့်အမေ ဟင်းချက်တဲ့ လက်ရာရအောင် လက်ထပ်သင်ထားလိုက်၊ နင်ကြီးရင် ထမင်းဆိုင်ဖွင့်မစားတောင် ထမင်းဟင်းချက်ကောင်းရင် လင်ချစ်ဆေးပဲတဲ့"

"ဟား ဟား ဒါတော့ မှန်တယ်ဟေ့"

"အောင်မာ....ဦးလေးက ကိုယ်ပြောခဲ့တာပဲ ကိုယ်ထောက်ခံနေပြန်ပြီ၊ နို့ပြီးဆက်ပြောတာ ရှိပါသေးတယ်"

"ဆိုပါဦး...."

"ဒီမှာ ကိုသောင်းတဲ့၊ မိန်းမတွေ ရုပ်ချောတာက လင်အဖို့ ကြာကြာလှမနေပါဘူးဗျ၊ ထမင်းဟင်းချက်ကောင်းတဲ့ မယားကိုမှ ယောကျ်ားက တစ်သက်လုံးရိုးမြေကျ ပေါင်းချင်တာဗျတဲ့၊ ဘာကြောင့်လဲဆိုရင် လူတွေဟာ အသက်ကြီးလာလေ၊ အစားဘက်က လိုက်လာလေ မဟုတ်လားတဲ့"

"အေး– နင်ဒါတွေမှတ်မိနေတယ်။ အဲသည်တော့ နင့်အသက် ဘယ်လောက်ရှိပြီလဲ"

mgyoe.com

mgyoe.com


"၁၂ နှစ်သမီးပေါ့ဦးလေးရယ်၊ ကျွန်မသေသေချာချာ မှတ်ထားပါတယ်၊ အဲဒီနှစ်မှာပဲ ဖေဖေဆုံးတာ"

ဤနောက်ဆုံးစကားဥ္စကား သူရော ကျွန်တော်ရောနှစ်ယောက်စလုံး မျက်နှာများ ညှိုးသွားကြပါသည်။ အကြောင်းမှာ သူ့အဖေ သေရခြင်းသည် 'မောင်သောင်း သေရတာဟာ မောင်ကြင်ဆွေနဲ့ သူငယ်ချင်းချင်း အချစ်လွန်လို့' ထိုစဉ်က နီးစပ်သူများက ပြောစမှတ် ပြုကြ၏။ ဟုတ်သည်ဟုလည်း ဆိုမည်ဆို....ဆိုနိုင်ပါ၏။

× × ×

၁၉၄၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်နေ့ ညနေမှာ စာရေးဆရာဖြစ်၍ ၂ နှစ်မျှ မပြည့်သော သော်တာဆွေသည် သေမင်းနှင့် နီးစပ်လောက်အောင် ကြုံဟ်ထလျက်ရှိလေ၏။ ထိုခေတ်က ပြည့်တန်ဆာနှင့် စဏ္ဍာလများနေသော (ညောင်တုန်းလမ်းထိပ်က) သင်္ချိုင်းကုန်းဟောင်းပေါ်တွင် တိတ်တိတ်ပုန်း ချက်အရက်ရောင်းသောအိမ်၌ သောက်စားမူးယစ်ပြီး သူနှင့် လူချင်းခင်မင်သော သိန်းမောင်အား မင်းက ငါ့အရင် လာသောက်နေရသလားဟု သက်သက်ရန်စပြီး လက်သီးစွမ်းပြခဲ့၏။ သိန်းမောင်မှာ လူရိုးလူအေး မည်သူနှင့်မျှ ရန်ဖြစ်လေ့မရှိ၊ အထိုးအသတ်လည်း မကျင်လည်သူမို့ တစ်ဖက်သတ်ခံလိုက်ရ၏။

သိန်းမောင်သည် ဖိနပ်ထောင်ဆရာ ဖြစ်လေရာ၊ ဒါကို သူ့လုပ်သားတပည့်များက မခံမရပ်နိုင်ဖြစ်ပြီး၊ ဆရာကိုထပ်တိုက်၊ အားပေးအားမြှောက်ပြု၊ သူတို့လည်းသောက်ကြ၍ ညအချိန်မတော် သော်တာဆွေ အိပ်ပျော်နေချိန်မှာ လူစုလူအုပ်နှင့် သော်တာဆွေ အိမ်ရှေ့လာ၍သော်တာဆွေကို ဆဲရေးတိုင်းထွာပြီး သတ္တိရှိထွက်ခဲ့ဟု ခေါ်ကြတော့၊ သူ့ကိုယ်သူ ပေါင်းတည်သား သတ္တိခဲဟု ဟိတ်ဟန်ထုတ်နေသော သော်တာဆွေသည် ဘာလက်နက်မှ မဆွဲမိဘဲ တစ်ယောက်တည်း အိမ်ပေါ်ကဆင်းပြီး လူလေးငါးခြောက်ယောက်နှင့် ဖက်ပြိုင်သည်။

ဤမျှ မိုက်မဲသော သော်တာဆွေ အကြောင်းကို ရေးပြရသည်မှာ ယခု ကျွန်တော် ရှက်လှပါသည်။ သူလမ်းမ, ရောက်လျှင်ရောက်ချင်း သူ့အား

mgyoe.com

mgyoe.com


လာရိုက်သူ၏ တုတ်ကို ရယူပြီးသည့်နောက်တွင် ဟိုလူများသည် အနီးကပ် မတိုက်ကြတော့ဘဲ မှောင်ရိပ်ခို၍ အဝေးမှ ပစ်ခတ်ကြတော့သည်။ ဒီတော့ သော်တာဆွေမှာ တစ်ဖက်သတ်ခံရလျက် ရန်ပွဲအပြီးမှာ အပေါ်နှုတ်ခမ်း ဟတ်တက်ကွဲ၍ ဘယ်ဘက်က စပယ်ဖူး သွားတက်ကလေး အရင်းက ကျိုးသွားသည်။ ခေါင်းမှာ လက်သုံးသစ်လောက် ဟက်တက်ကွဲသွားသည်။ ညာဘက် ခြေမတစ်ခြမ်းကျေပြီး ခြေသည်းကျွတ်သွားသည်။ ဒါတောင် သူကအရပ်ကလူများ ဝိုင်းလာကြ၍ သိန်းမောင်တို့လူစု ရှောင်ခွာ သွားကြသည်ကို "မင်းတို့ ထွက်ပြေးကြတယ်၊ ငါကနိုင်တယ်" ဆဲရေး ကြွေးကြော်လိုက်သေး၏။

အဲသည်တုန်းက အရာခံဗိုလ်၊ ယခု မြန်မာပြည် တစ်နေရာမှာ ဗိုလ်မှူး ဖြစ်နေတဲ့ ကိုညီပုက ဆောင်ရွက်ပေး၍ သူနာတင်ကား ရောက်လာပြီး ဆေး ရုံသို့ သွားရတော့သည်။

သည်တော့မှ သော်တာဆွေ၏ ရောင်းရင်း ကိုသောင်းကသိသည်။ ယင်းသည့်အချိန်မှာ ကိုသောင်းက ဖျား၍ အိပ်ရာထဲလဲနေသည်။ သူ့သူ ငယ်ချင်း ဒဏ်ရာရ၍ ဆေးရုံသွားရတယ်ဆိုတော့ သူနေမကောင်းလျက် ကြီးနှင့် အိပ်ရာထဲက အတင်းထပြီး သူမောင်းနေကျ သူ့ဆရာကြီး ဂျစ်ကား နှင့် မည်သူ့မျှတားမရဘဲ လူနာတင်ကားကို အမီလိုက်လာလျက် "ကိုကြင် ဆွေ၊ ကျွန်တော်မသိလို့ ဒီလိုဖြစ်ရတာဗျာ" ဟု တဖွဖွ ပြောလာသည်။ သော်တာဆွေ ငမိုက်သားကကော လူနာတင်ကားပေါ်က ပြုံးပြုံးပဲ သူ့နှုတ် ခမ်းကွဲကကျတဲ့ သွေးတွေ ငန်ပျပျကို ပါးစပ်ထဲ မျိုချလျက် "ကိစ္စမရှိပါဘူး ကိုသောင်းရာ....ကျွန်တော် မသေသေးပါဘူးဗျာ" ဟု ပြောပြ၏။

ကိုသောင်း ပြောတာလည်းမှန်၏။ သူနှင့် သော်တာဆွေ ညနေတိုင်း အတူသောက်နေကျ မူးလျှင်သွေးဆိုးသော သော်တာဆွေကို ထိန်းနိုင်၏။ သော်တာဆွေက ကိုသောင်းစကားတော့ နားထောင်တတ်၏။ နို့ပြီး သိန်း မောင်တို့ လူစုကိုလည်း ကိုသောင်းကနိုင်၏။

ဆေးရုံရောက်တော့ ကိုသောင်းက သော်တာဆွေကို တွဲချ၏။ ပွေ့ဖက် ပြီး ဆရာဝန်အခန်းထဲပို့၏။ သော်တာဆွေ၏ နှုတ်ခမ်းကွဲကိုချုပ်၊ ခြေ ထောက်နဲ့ ခေါင်းကဒဏ်ရာတွေ ဆေးထည့်ပြီး အခန်းနံပါတ် ၁၁ က

mgyoe.com

mgyoe.com


အိပ်ရာခုတင်ပေါ်မှာ ဆရာဝန်က မော်ဖီးယား ထိုးပေးကာ လူကိုအိပ်တော့မည်ဟု ပြောသောအခါ၌ ကိုသောင်းသည် သော်တာဆွေကို နှုတ်ဆက်၍ ပြန်သွားလေ၏။

ဤကားသူတို့ သူငယ်ချင်းနှစ်ယောက် နောက်ဆုံးတွေ့ဆုံခွဲခွာရခြင်းပေတည်း။

× × ×

ကိုသောင်းနှင့် ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်လောက်ကပင်တစ်ရပ်တည်းနေ မျက်နှာသိများ ဖြစ်ခဲ့ကြပါသည်။ ထိုစဉ်က ကျွန်တော်မှာ မအူပင်လမ်းထဲက ဒေါ်မမ၏ ခေတ်သစ် အင်္ဂလိပ်စာအလွတ်ပညာသင် ကျောင်းမှ ကျောင်းသား ကိုသောင်းနှင့် သိန်းမောင်တို့က မအူပင်လမ်းနှင့် ညောင်တုန်းလမ်းအကြား ရှမ်းလမ်းမကြီးပေါ်တွင် ဘီးပျံတံဆိပ်ဖိနပ်ထောင် ဆရာကြီး ဦးဘိုးရင်၏ အလုပ်ရုံမှာ ဖိနပ်ချုပ်သမားများမို့ ထိုခေတ်အလျောက် လူချင်းအဆင့်အတန်းကွာသည်ကြောင့် အပေါင်းအသင်း မဖြစ်ခဲ့ကြသေး။ နောက် ဂျပန်ခေတ်ရောက် ကျွန်တော်မြင်းလှည်းသမား ဖြစ်ပြီး ယောက္ခမနှင့် အဆင်မပြေ၍ မအူပင်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဖွင့်ရတော့မှ ကိုသောင်းတို့လူစုကို ကျွန်တော့် ဆိုင်ဖောက်သည်များဖြစ်အောင် ပေါင်းရသော အခြေအနေသို့ ရောက်ခဲ့လေ၏။

ထိုအခါ၌ ကိုသောင်းတို့လို ဖိနပ် အလုပ်သမားများသာမက လက်ဖက်ရည် အင်မတန်သောက်သော ဇိမ်မယ်ဇိမ်ခေါင်းများနှင့် စဏ္ဍာလများကိုပါ ကျွန်တော်ပေါင်းသင်းရပါသည်။ အချို့ ဒွန်းစဏ္ဍားသည် ဉာဏ်သွား၏။ ထိုခေတ်၌ ရန်ကုန်မြို့မှာ ဥစားကြက်များမွေးလေ့မရှိကြသေးပေ။ ကြက်ဥဆိုလျှင် တောကလာမှရ၏။ ထို့ကြောင့် ဒွန်းစဏ္ဍားမယ် တစ်ယောက်သည်ပဲ ဥငယ်ငယ်များကို အခွံကော်ပတ်စား၍ ခေါင်းတွင်သုတ်သော ဖွေ့နီမှုန့် အနည်းငယ်သုတ်ပြီး၊ ကြက်ဥလုပ်၍ ကျွန်တော့်ဆိုင် ဘဲဥဈေးသာသာမျှဖြင့် ဖောက်သည်သွင်း၏။ ထိုခေတ်မှာ ဥဖြူဖြူဥသော အနောက်နိုင်ငံမှ လိပ်တွန်းကြက်မျိုး မြန်မာပြည်သို့ မရောက်သေးသဖြင့် ကျွန်တော်တို့ ဗမာများသည် ကြက်ဥဆိုလျှင် ဘဲဥထက်ငယ်သည်၊ အရောင်နီတီတီဝါ တာတာ

mgyoe.com

mgyoe.com


နေသည်ဟုသာ သိကြသေးသောကြောင့် ဒွန်းစဏ္ဍားမယ်၏ ကြက်ဥအတု သည် စားသာ၏။

ယခုကာလမှာ အချို့လက်ဖက်ရည်ဆိုင်များတွင် အိမ်သာသုံးစက္ကူများကို မလိုင်လုပ်ကြကြောင်း မကြာသေးမီက သတင်းစာများထဲ ဖတ်လိုက်ရ၏။ ကျွန်တော့်ဆရာကာကာ ကုလားအဘိုးကြီးကား ဤမျှဆိုးရွားစွာ မပြုပါ။ အာတာလွတ် အမှုန့်များကိုသာ နွားနို့နှင့်မွှေ၍ မလိုင်လုပ်ပါ၏။

အချို့လူငယ်များသည် ဗိမ်ကုန်းအသွားအပြန်၌ ကျွန်တော့်လက်ဖက်ရည်ဆိုင်မှာ တအောင့် တထောက်နားကြလျက် ဖော်ပြပါ ဒွန်းစဏ္ဍားမယ်၏ ကြက်ဥအတုနှင့်အာတာလွတ်အမှုန့်ကို ပြုလုပ်ထားသော မလိုင်သောက်ပြီး၊ လက်မောင်း မာဆယ်လ်များညှစ်ထုတ်နေသည်ကို တွေ့ရတတ်လေရာ၊ ကျွန်တော့်စိတ်တွင် 'အေး ငါလည်း အခုငါသာမပြင်ရလျှင် သူတို့လိုနေမှာ' ပဲဟု တွက်ဆမိ၏။

စာဖတ်သူများအား အထူးသတိပေးလိုသည်မှာ လက်ဖက်ရည်ဆိုင်ကရသော မလိုင်သည် ဘယ်တော့မှ မလိုင်အစစ်မဟုတ်ပါချေ။ တစ်ခုခုကို လုပ်ထားသည်သာ ဖြစ်ပါသည်။ နို့ပြီး မလိုင် အစစ်သည် ဖြူဆွတ်မနေပါ။ ဝါကြန့်ကြန့်သာဖြစ်ပါ၏။ မလိုင်အစစ်၏ သသောလက္ခဏာကို သိလိုပါက ကိုယ့်အိမ်မှာ နွားနို့ငါးဆယ်သားလောက် မလိုင်ဖြစ်အောင် ကျိုကြည့်ပါလား။ သည်တော့ လက်ဖက်ရည်ဆိုင်က မလိုင်အစစ်သာဆိုလျှင် သည်တစ်ပန်းကန်ကို သည်ဈေးနှင့် မရောင်းနိုင်ဘူးဆိုတာ သိလာပါမည်။

ကျွန်တော်သည် ဤလက်ဖက်ရည်ဆိုင် ဖွင့်ပြီးနောက် တဖြည်းဖြည်း ကိုယ်ပိုင်မြင်းနှင့် လှည်းနှင့်ဖြစ်သွားသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်က ဖက်ဆစ်ဂျပန်ကို တော်လှန်ကြောင်း ကြေညာပြီး ဧပြီလအတွင်းမှာ ရန်ကုန်တွင် ဂျပန်ကစစ်အုပ်ချုပ်ရေးအသွင် ပြောင်းသည်နှင့် ရန်ကုန်မြို့ကြီးသည် ဂျပန် အဝင်တုန်းကလို အထွက်မှာတစ်ချီပျက်ဦးတော့မည်ဟု ဒုတိယအကြိမ် အိမ်ပြေးဒုက္ခသည်များအဖြစ်နှင့် အချို့က ရန်ကုန်မြို့မှာ ထွက်ခွာကြပြန်၍ အချို့ကမူ ပထမတစ်လီ ပြေးစဉ်က တခြားရပ်ကွက်တွေမှာ ဒုက္ခရောက်ခဲ့ရသည်။ စစ်အေး၍ မြို့ပြန်တော့ ကိုယ်က ပစ္စည်းများ 'ဖောက်သည်'တွေ ယူသွား

mgyoe.com

mgyoe.com


ကြသည်ဖြစ်သောကြောင့်ပင်း–ဒီတစ်ခါတော့ ဖြစ်လိုရာ ဖြစ်စေတော့ဟု ဘယ်မှမသွားဘဲနေကြ၏။ ယင်းလူစုထဲတွင် ကျွန်တော်တို့က ပါဝင်သည်။ ကိုသောင်းတို့ လူစုကား သူတို့သည် တောင်ဆရာကြီးအမှူးပြုပြီးတော့ မြစ်ဝကျွန်းပေါ်ဒေသသို့ သူတို့ဆွေမျိုးများရှိရာ ထွက်ခွာသွားကြကုန်သည်။

နောက်ဗမာ့တပ်မတော် ရန်ကုန်မြို့သိမ်းပြီး မဟာမိတ်တပ်များ ရောက်လာ၍ ကက်စဘီ စစ်အုပ်ချုပ်ရေးမှာ မြို့ပြေးတွေ ပြန်လာကြ၏။ ထိုအခါ ကိုသောင်းတို့ လူစုမှာ ဂျပန်ငွေနှင့် အင်္ဂလိပ်ငွေအပြောင်းတွင် အလုပ်အကိုင် အခက်အခဲတွေ့ရလေ၏။

ကျွန်တော်တို့ မြင်းလှည်းသမားကတော့ ဘာအရေးတုံး၊ နေ့စဉ် ဝင်ငွေရနေတာပဲ၊ ဂျပန်ငွေတွေပြောင်းပြီး အင်္ဂလိပ်ငွေပြောင်းတော့လည်း ကျုပ်တို့ အင်္ဂလိပ်ငွေရတာပဲပေါ့။

ဒီတစ်ခါမှာကိုသောင်းကို ကျွန်တော်ကျေးဇူးပြုနိုင်တဲ့ အခြေရောက်သွားလေသည်။ အလုပ်အကိုင် မရှိသေးသည့်သူကို ကျွန်တော့် မြင်းလှည်းပေါ် စပယ်ယာ ခေါ်ခဲ့၍ နေ့စဉ် အရက်အဝတိုက်သည်။ သူ့အိမ်သုံးဖို့ ပိုက်ဆံလည်းပေးလိုက်သည်။ အဲသည်တုန်းက မြို့ပြန်စည်စမှာ မြင်းလှည်းမောင်းလို့တယ်ကောင်းသကိုးဗျ။ ကြည့်မြင်တိုင် စမ်းချောင်းမှ ရန်ကုန် ဗဟန်းသို့ လူတစ်ယောက်လျှင် အင်္ဂလိပ်ငွေ တစ်ကျပ်၊ မြင်းတစ်ကောင် တစ်နေ့လျှင် ၂၀ အနည်းဆုံးမှ အစိတ် သုံးဆယ် အထိရ၏။ ဟား....ဟား....အဲသည်အခါမှာ ချက်အရက်တစ်ပုလင်းမှ နှစ်ကျပ်ကလားဗျ၊ ကိုသောင်းသည် ကျွန်တော့်လိုပဲ အရက်ကြိုက်သူ ဖြစ်၏။

နောက် ဘတ်စ်ကားတွေ ပေါ်လာပြီး မြင်းလှည်းခေတ် မကောင်းတော့သည်၌ ယင်းအလုပ်ကိုဖြုတ်၍ ကျွန်တော် ပေါင်းတည်သို့ ပြန်ပြေးပြီး ဆန်ကုန်သည်အဖြစ်နှင့် တစ်နှစ်ကျော်လောက် အထက်ဗမာပြည် ရောက်သွားလျက် ၁၉၄၇ ခုနှစ် နိုဝင်ဘာလမှာ စာရေးဆရာအဖြစ်နှင့် ရန်ကုန်မြို့ ပြန်ရောက်လာတော့ ကိုသောင်းသည် အတော်ကြီးပွားနေပြီ။ ဖိနပ်ချုပ် အလုပ်သမားမျှမဟုတ်တော့ဘဲ သူကိုယ်တိုင်က ဖိနပ်ထောင်ဆရာဖြစ်နေသည်။ သူ့ဖိနပ်က နွားခေါင်းတံဆိပ်။

ဤအခါ၌ စာရေးဆရာဖြစ်စ ကျွန်တော် ဖွတ်ကျားလေးကို ကိုသောင်း

mgyoe.com

mgyoe.com


က တစ်လှည့် ကျေးဇူးပြုပြန်သည်။ ညနေတိုင်း အရက်အတူ သောက်ကြသည်။ ကိုသောင်း အိမ်သည် ကျွန်တော့် စားအိမ် သောက်အိမ်ဖြစ်သည်။ သူ့မိန်းမ ဟင်းချက် ကောင်းလှကြောင်းကိုကား ဤစာ တစ်နေရာမှာ ဖော်ပြခဲ့ပြီ။ ကိုသောင်းမိန်းမသည် ထမင်းဟင်းချက် ကောင်းရုံသာမက သဘောသကာယလည်း ကောင်းလှ၍ ကိုသောင်းက "ငါ မရှိပေမယ့် ငါ့သူငယ်ချင်းလာရင် သူ့အတွက် ထမင်းဟင်း အမြဲရှိစေရမယ်" ဆိုသည်ကိုလည်း တစ်သဝေမတိမ်း လိုက်နာသူဖြစ်ပါ၏။

ကိုသောင်းနှင့် ကျွန်တော်သည် ဤမျှ ချစ်ခင်ကြသည် ဖြစ်သောကြောင့် ဖော်ပြခဲ့သော မဟာရန်ပွဲ၌ ကျွန်တော် ဒဏ်ရာရ၍ ဆေးရုံသွားရတော့ သူမမာရက် တန်းလန်းကြီးနှင့် အိပ်ရာထဲကထပြီး နောက်မှဂျစ်ကားမောင်းလိုက်လာခဲ့သည်။ ထို့ကြောင့် ရင်ဘတ် အအေးပတ်၍ နောက်တစ်နေ့မှာ ဆေးရုံရောက်လာသည်။ သူအောက်ထပ်ကလူနာခန်းမှာ ရောက်နေကြောင်း လာပြောကြ၍ ကျွန်တော်သိရသည်။ ကျွန်တော့်မှာ ခြေထောက်နာနာနှင့် လမ်းမလျှောက်နိုင်၍ ဆင်းမကြည့်လိုက်ပါ။ ၃–ရက်မျှကြာသောအခါ၌ ကိုသောင်းသေ၍ ဆေးရုံမှအိမ်သို့ အလောင်းယူသွားပြီဖြစ်ကြောင်း သိလိုက်ပါ၏။ ကျွန်တော် ဆေးရုံတွင် ၁၁ ရက်မျှနေရ၍ ခြေမနာကို ခြေခုံတစ်ခုလုံး ကျောက်ပတ်တီးစည်းထားလျက် ချိုင်းထောက်ကြီးနှင့် အပြင်လူနာအဖြစ် အိမ်ပြန်ရတော့ ကိုသောင်းမသာမှာ ရက်လည်သပိတ်ပင် သွတ်ပြီးနေလေပြီ။ ကိုသောင်းအတွက် ကျွန်တော် လွန်စွာမှ ကြေကွဲဝမ်းနည်း လိုက်ရပါ၏။

× × × ×

ဤအကြောင်းကို ပြန်ပြောင်း စဉ်းစားမိသည်၌ မစမ်းမြနှင့် ကျွန်တော်သည် ခေတ္တ စကားရပ်သွားပြီးမှ သူက စကားဆက်၏။

"နို့ပြီး ဦးလေးပြောတာ ရှိသေးတယ်"

"ဆိုစမ်းပါဦးဟယ်....."

"ဖေဖေ့ကို ပြောတာလေ....ဒီမှာ ကိုသောင်း၊ ရှရှား စကားပုံ ရှိတယ်ဗျ၊ (ထမင်းချက်သည် ထမင်းမငတ်နိုင်)တဲ့၊ ဒီတော့ ဖေဖေက (ဒါတော့ ဟုတ်

mgyoe.com

mgyoe.com

တာပေါ့ဗျ၊ ထမင်းချက်တဲ့လူက ဆာရင်သူအရင်စားမှပေါ့ဗျ)တဲ့၊ ပြန်ပြောတယ်၊ ဒီတော့ ဦးလေးက (အေ....ထမင်းချက်တဲ့လူက ထမင်းမငတ်နိုင်ရုံပဲ၊ အဲ....ထမင်းဆိုင်ဖွင့်တဲ့လူဆိုရင် အမြဲတမ်း ဟင်းကောင်း ကျွေးကောင်း စားရမှာ ဗျ) ဆိုတော့ ဖေဖေက (အစစ်ပေါ့ဗျာ....ကြက်သား၊ ဘဲသားဆိုရင် ဘယ်ရောင်းတာထဲကို ထည့်မလဲ၊ ကိုယ်ချည်း တုတ်ပစ်မှာပေါ့)တဲ့၊ ဒီတော့ ဦးလေးက (ဒါ့ကြောင့် ခင်ဗျားတို့ လင်မယားကို ထမင်းဆိုင် ဖွင့်ခိုင်းတာပေါ့ဗျ) တဲ့"

သည်တော့မှ ကျွန်တော်တို့ သူငယ်ချင်းချင်း မူးမူးနှင့် ပြောခဲ့တာတွေ အမှတ်ရ၍

"အေးဟာ....ငါကလည်း အသည်းအမြစ်တော့ ကြိုက်တယ် မဟုတ်လား"

"အမယ်....ဦးလေးတို့ကြိုက်တာ အသည်းအမြစ်တင် မဟုတ်ပါဘူး။ ဖေဖေနဲ့ အရက်သောက်ပြီဆိုရင် အသည်းအမြစ်ရယ်၊ အဆီဘူးရယ်၊ ခြေထောက်ရယ်၊ တောင်ပံရိုးရယ်၊ ကျောရိုးရယ် မေမေက ထည့်ပေးရတယ်လေ"

"အေး....ဟုတ်သကွာ၊ အရက်သမားဆိုတော့ အရိုးအရင်းလည်း ဝါးချင်သကိုးကွ"

"အဲဒါတွေ ကျွန်မအခု ထမင်းဆိုင်ဖွင့်ရတော့ နေ့တိုင်း ကြက်သား၊ ဘဲသား ဟင်းကိုင်တိုင်း ဖေဖေနဲ့ဦးလေးတို့ကို သတိရတယ်၊ ခုအချိန်မှာ ဖေဖေများရှိရင် ဘယ်လောက်ကောင်းမလဲ၊ အိမ်ဦးခန်းထားပြီး ဖေဖေကြိုက်တာတွေ နေ့တိုင်း ကျွေးနေချင်လှပါတယ်၊ ဦးလေးကိုလည်း ကျွန်မကျွေးချင်လှပါတယ်၊ ဦးလေး လာစားနိုင်ပါ့မလားဟင်၊ ဦးလေးအခု ဘယ်မှာနေလဲ"

"၆ မိုင် မှာကွ"

"ဟင်....၆–မိုင်နဲ့ ရေကျော်ဆိုတော့ အဝေးကြီး၊ လာစားရမှာက ဆင်ဖိုးထက်ချွန်းဖိုးကြီးနေပြီ၊ ဒါပေမဲ့ ကြုံရင်တော့ လာခဲ့ပါနော်၊ ဖေဖေက မသေခင်က တဖွဖွပြောခဲ့ဖူးတယ်လေ၊ ဖိုးသော်ကျေးဇူး တို့အပေါ်မှာ အများကြီးရှိတယ်၊ အများကြီးရှိတယ်၊ ဂျပန်အပြေးနဲ့ အင်္ဂလိပ်အဝင်မှာ တို့မြို့ပြန်လာ
mgyoe.com

mgyoe.com

တော့ တို့စားရေး သောက်ရေး လေးငါး ခြောက်လဟာ ဖိုးသော်ကယ်ပေလို့ ပေါ့ကွာတဲ့"

သည်တော့ ကျွန်တော်လည်း သတိရ၍။

"ဟယ်.....ငါသူ့ကျေးဇူးပြုရတာက အဲသည်လေးငါးခြောက်လပါကွာ၊ နင့်အဖေ ငါ့ကျွေးမွေးနေတာက ငါစာရေးဆရာအဖြစ်နဲ့ ရန်ကုန် ပြန်ရောက် ကတည်းက သူသေတဲ့အထိ ပါပဲဟာ...."

"အို....ဦးလေးရယ် ကျေးဇူးတရားဆိုတာ ဒီလို အနည်းအများပြောနေလို့ ဘယ်ဖြစ်မလဲ၊ စေတနာသာ ပဓာနပါ၊ အလှူ လုပ်သလိုပေါ့ ဦးလေးရယ်၊ စေတနာကောင်းရင် ညောင်စေ့လောက်လှူက ညောင်ပင်ကြီး ဖြစ်နိုင်တယ်၊ စေတနာ မကောင်းဘူးဆိုရင် ညောင်ပင်ကြီးလောက် လှူလို့မှ ညောင်စေ့ လောက်မရဘူးတဲ့"

"အေး....ဟုတ်ပါလိမ့်မယ် ဖအေတူမလေးရေ၊ ကဲ တို့သွားမယ်ကွာ၊ ဟောဒီညည့်သည်တွေ ပို့စရာရှိသေးတယ်"

"ဟုတ်ကဲ့–ဟုတ်ကဲ့–ဦးလေး၊ နောက် ဒီ ရေကျော်ရောက်တိုင်း ကျွန်မ ဆီမှာ ထမင်းစားရမယ်နော်"

သည်နောက် ကျွန်တော့်ညည့်တွေနဲ့ ဦးဘစောတို့အိမ်သို့လမ်းလျှောက် ရင်း ခေါင်းထဲ ကဗျာတိုလေး ဝင်လာသည်ကတော့....

ကျေးဇူးပြုတတ်၊ လွန်မွန်မြတ်၏။
ကျေးဇူးဟူသည်၊ တုံ့လည်လှည့်ပတ်။
ချားရဟတ်သို့ မပြတ်တစေ၊ ရှိအပ်ပေ၏။

❑

mgyoe.com

mgyoe.com

# အလျှော့ပေး၍ အောင်နိုင်ခြင်း

၁၉၆၉ ခု ဇူလိုင်လ ၄ ရက်၊ သောကြာနေ့ နာရီပြန်နှစ်ချက်လောက်၌ မော်တော်ဆိုင်ကယ်လေး တဖုတ်ဖုတ်နှင့် မောင်လရောင် ကျွန်တော့် အိမ် ရောက်လာတော့၊ ကျွန်တော် ဝမ်းသာအားရဖြစ်ကာ....

"ဟာ....အဆင်သင့်ပဲဟေ့ မောင်လရောင်၊ ငါ့ တစ်ခုကူညီစမ်းပါကွာ"

"ဘာလဲဆရာ"

"မင်း ငါ့အတွက် အချိန် တစ်နာရီလောက်တော့ အကုန်ခံနိုင်ရဲ့လား"

"ကိစ္စမရှိပါဘူးဆရာ၊ ကျွန်တော်အားပါတယ်"

"ဒါဖြင့်"ဆိုပြီး ကျွန်တော်အိမ်ပေါ်တက်၊ ရှပ်အင်္ကျီဝတ်၊ မေ့ဆီက ငွေ တစ်ဆယ်တောင်း၊ ပုလင်းနှစ်လုံး လွယ်အိတ်ထဲထည့်၊ အောက်ပြန်ဆင်း။

"ကဲ့–မောင်လရောင်ရေ့ .... ၈–မိုင် မရမ်းကုန်း အရက်ဆိုင်သွားကြစို့"

မောင်လရောင်သည် ယခင်က ကျွန်တော့်အဟိတွင် တွဲဘက် အယ်ဒီ တာ၊ ယခု သူ့အလုပ်က အဆုတ်ရောဂါကုဆေးရုံတွင်ဖြစ်၍ မော်တော်ဆိုင် ကယ်ကလေးတစ်စီး ရနေသည်။

ယင်းမော်တော်ဆိုင်ကယ်ပေါ် ကျွန်တော် သူ့နောက်က ထိုင်လိုက်သွား

mgyoe.com

mgyoe.com

၍ ၈–မိုင် သမိုင်းလမ်းဆုံနားက ပြည်သူ့အရက်ဖြူဆိုင်ရှေ့ရောက်တော့ အသောက်သမားများ တန်းစီလျက်ရှိကြလေပြီ။

မြန်မာပြည် အရက်လုပ်ငန်းတွေကို ပြည်သူပိုင် သိမ်းပြီးမှ ရန်ကုန်မြို့တွင် ပြည်သူ့အရက်ဆိုင်တို့သည် ပုံစံမကြာခဏ ပြောင်းကာ အမျိုးမျိုးနှင့် ရောင်းချလေ့ရှိ၏။

ပြည်သူပိုင် မသိမ်းမီ ဟိုတရုတ်လိုင်စင်တွေ ခေတ်တုန်းက ကြည့်မြင်တိုင်၊ မြေနီကုန်းနှင့် ကမာရွတ်ပင်ဈေးချင်းမတူခဲ့ပေ။ ကမာရွတ်က ရန်ကုန်ဧရိယာပြင်ဘက်မို့ ဈေးသက်သာ၏။ တစ်ပုလင်း–၂ ကျပ်၊ မြို့ထဲနှင့် ကြည့်မြင်တိုင်၊ မြေနီကုန်းတို့က နှစ်ကျပ်ခွဲ။ အရက်အဆင့်အတန်းချင်း အတူတူပင်။

ပြည်သူပိုင်သိမ်းလိုက်တော့ အားလုံးတစ်ညီတည်း။ တစ်ပုလင်း ၃ ကျပ် ၁၀ ပြားကစ၏။ နောက် ၃ ကျပ် ၂၅ ပြား။ နောက် ၃ ကျပ် ပြား ၃၀။ အဲသည်ကနဦးတုန်းက အာတာပုလင်းရော၊ ပုလင်းကြီးရော၊ လူတစ်ယောက်ကို လိုချင်သလောက် အချိန်မရွေး ဝယ်ရခဲ့၏။

နောက်တစ်နှစ်မှ ၂ နှစ်လောက် ကြာသည်၌ အရက်ကိုလိုချင်သမျှ ရသည်ဆိုတာ ပပျောက်လာပြီး၊ ချိန်လုံးပြည့်အရက်ဆိုင်တွေမှာ အရက်မရှိတော့ဘဲ ရောက်ချင်တဲ့ အချိန်မှာရောက်လာပြီး လူတစ်ယောက်တစ်ပုလင်း ပဲဆိုသည့် ကန့်သတ်ချက်တွေ ဖြစ်လာသည်။ ဤအခါတွေမှာ မှောင်ခိုဈေး ၅ ကျပ်မှ ၁၀ ကျပ်မကဖြစ်ကြသည်ကို အသောက်သမားများသာမက၊ သတင်းစာဖတ်သူများပါ သိကြပါသည်။

ကဲ....ယင်းပြီးပြီးသားတွေထား၍ ယခုနောက်ပိုင်းကား ပုလင်းလိုက်ရောင်းသည်ဟူ၍ မရှိတော့ဘဲ အရက်ဖြူကို ပက်ခြင်နှင့်သာ ရောင်းတော့၏။ တစ်ပက်လျှင် ပြား–၃၀။

သည်တော့ ယခင်က တစ်ပုလင်း ၃ ကျပ် ၁၀ ပြားမှ ၂၅ ပြား ၃၀ ပြား ရောင်းခဲ့သော ပြည်သူ့ဆိုင် ပုလင်းမျိုးကို ၁၃ ပက်ထား၍ ၃ ကျပ် ပြား ၉၀ ရောင်းလေ၏။ ကမ္ဘာတွင် တစ်ပုလင်း ၁၂ ပတ်ထားသော ကမ္ဘာသုံးပုလင်းမျိုးကို ၁၅ ပတ် ၄ ကျပ် ပြား ၅၀ ဖိုးဝယ်မှ ပုလင်း လည်ပင်းမထိတထိ၊ မပြည့်တစ်ပြည့်ရ၏။

mgyoe.com